ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၂ရက်၊ ကြာသပတေးနေ့၊ (28-8-2003) (၃၉၇၆)

မာတာပိတု ဥပဋ္ဌာနံ တော် မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၂၁၀၆၆၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်တွင် ဂေါတမမြတ်စွာဘုရား၏ ဓာတ်တော်များကို ဌာပနာထား၍ သီရိမေ့ာသောကမင်းကြီး တည်ထားခဲ့သော ရွှေမြင်ထင်မွေတော် စေတီတော်ကြီးကို ဘက်စုံတည်ဆောက်ရေး ဆောင်ရွက်လျက်ရှိစဉ်။

(ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)

မိုင်းကိုင်မြို့ ရွှေမြင်ထင်စေတီတော်နှင့် ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်လျက်ရှိ

သတင်းဆောင်းပါး –ခရမ်းစိုးမြင့်၊ ဓာတ်ပုံမှတ်တမ်း –ရေချမ်းမြင့်

ရန်ကုန် ဩဂုတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၏ မေလမိုးသည် နှင်းဖွဲကလေးများပမာ ဖွဲဖွဲကလေး ရွာချနေ၏။ မြင်ကွင်းသည် မိုးနှင်းတို့ ဝေနေ၍ ခပ်လှမ်းလှမ်းဖြစ်နေသည့် မိုင်းကိုင်မြို့ကို သဲသဲကွဲကွဲမမြင်ရပေ။ သို့သော် ကြေးမုံသတင်းအဖွဲ့ တည်းခိုနေသောနေရာ၏ မြင်ကွင်းအနီးက ရွှေမြင်ထင်မွေတော် စေတီတော်ကိုမူ လှမ်းမြင်ဖူးတွေ့နေရသည်။

ကြေးမုံသတင်းအဖွဲ့၏ လွန်ခဲ့သော မေလအတွင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ခရီးစဉ်၌ မိုင်းကိုင်ဆိုသော တောင်ပေါ်မြို့တစ်မြို့သို့ ရောက်ခဲ့ပြီး တစ်ညတာ တည်းခိုရပ်နားခဲ့ကြရသည်။ မိုင်းကိုင်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်၌ ပါဝင်သော တောင်ပေါ်မြို့တစ်မြို့ ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၃၄၅၁ ပေမြင့်ပြီး မြို့အကျယ်အဝန်းမှာ ၁၄၅၉ ဒသမ ၁၇စတုရန်းမိုင် ဖြစ်သည်။

လူဦးရေ

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းတည်ရှိပြီး ရပ်ကွက်ငါးခု၊ ကျေးရွာအုပ်စု ၂၄အုပ်စုနှင့် ကျေးရွာပေါင်း ၂၉၆ရွာရှိသည်။ မြို့နယ်အတွင်း လူဦးရေ အမျိုးသား ၅၀၅၉၃ဦးနှင့် အမျိုးသမီး ၅၀၈၈၈ဦး စုစုပေါင်းလူဦးရေ ၁၀၁၄၈၁ဦး (တစ်သိန်းကျော်) နေထိုင်လျက်ရှိကြသည်။

ပြီးခဲ့သည့်နှစ်က မိုးစပါး ၂၆၁၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်း ၁၀၃ ဒသမ ၆၃တင်း ထွက်ရှိခဲ့သည်ဆို၏။ ဒေသတွင်း၌ မိုးစပါးအပြင် ဂျုံ၊ အစေ့ထုတ်ပြောင်း၊ **စာမျက်နှာ ၂ ကော်လံ ၃ သို့** ❁

အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်အသင်းအား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဩဂုတ် ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မလေးရှားနိုင်ငံ၌ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းအား ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❒

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မလေးရှားနိုင်ငံ၌ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၈-၈-၂၀၀၃
(ကြာသပတေးနေ့)

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး နိုင်ငံသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် စုစည်းညီညွတ်စွာ ဖွဲ့စည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ ယနေ့ အချိန်အခါသည် နိုင်ငံတော် အစိုးရက မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်နေသော ကာလဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို မိမိနိုင်ငံတော်၏ အတိတ်သမိုင်းကြောင်းပေါ်တွင် အခြေတည်ပြီး မိမိလူမျိုး၏ အမျိုးသားရေးစံနှုန်းများနှင့်အညီ တည်ဆောက်နိုင်မှသာ အစွန့်ရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်သည်။မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးတို့သည် မြန်မာနိုင်ငံအား ကျူးကျော်သူနယ်ချဲ့များကို ခုခံတိုက်ခိုက်ရာတွင် တညီတညွတ်တည်း လက်တွဲပါဝင်ဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာရှိသည်။နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရာတွင် အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးဆောင်ရွက်ခဲ့သော အတိတ်သမိုင်းရှိခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အတိတ်သမိုင်း သင်ခန်းစာများကို ရယူပြီးအနာဂတ်နိုင်ငံတော် တောက်ပြောင်ဝင့်ကြွားနိုင်စေရန် အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးအကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရေးလမ်းကြောင်းမှန်ကို အဓိကထား လျှောက်လှမ်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ထောင်စု တိုင်းရင်းသားများအားလုံးက စုစည်းမှုအင်အား၊ ညီညွတ်မှုစွမ်းပကားဖြင့် နိုင်ငံတော်ကို ချစ်မြတ်နိုးစွာ အလေးထားကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ကျူးကျော်လာသူ နယ်ချဲ့နှင့်ဖက်ဆစ်များကို ခုခံတွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝကို ပြန်လည်ရယူနိုင်ခဲ့ကြသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မိမိနိုင်ငံတော်၊ မိမိလူမျိုး၏ အနာဂတ်ထွန်းလင်းတောက်ပြောင်စေရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန် လိုအပ်သည်။ ဘိုးဘွားအမွေအနှစ်စစ်စစ်ဖြစ်သော ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲနေစေရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ညီညီညွတ်ညွတ် လက်တွဲကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည်။

ယနေ့အချိန်အခါသည်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုစည်းပါဝင်ဆောင်ရွက်မှုစွမ်းအားဖြင့် ကိုယ့်နိုင်ငံတော်ကို ကိုယ်တည်ဆောက်နိုင်သည့်ကာလသို့ရောက်ရှိနေပြီဖြစ်သည်။ နိုင်ငံတော်တစ်ဝန်း နယ်စပ်ဒေသများအပါအဝင် ဒေသအားလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆည်မြောင်းတာတမံများ၊ လမ်းများ၊ တံတားများ၊ ဆက်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍများအပါအဝင်ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် တည်ဆောက်ပေးလျက်ရှိသည်။ နိုင်ငံတော်က ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ယင်းသို့ဖြည့်ဆည်းအကောင်အထည်ဖော်ရာတွင် အရင်းအနှီးအကန့်အသတ်၊ စက်ကိရိယာ အကန့်အသတ်၊ အချိန်ကာလ အကန့်အသတ်များကို နည်းမျိုးစုံဖြင့် ကျော်လွှားဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းသို့ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးက ခွဲ၊ လုံ့လ၊ ဝီရိယစွမ်းအားများဖြင့် ပါဝင်ကြိုးပမ်းလျက်ရှိရာ နိုင်ငံတော်တွင် တိုးတက်အောင်မြင်မှုအခြေခံကောင်းများ ရရှိနေပြီဖြစ်သည်။

သို့ရာတွင် အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် သြဇာလွှမ်းမိုးခြယ်လှယ်နိုင်ရေးဦးတည်ပြီး စီးပွားရေး ပိတ်ဆို့မှုများ ပြုလုပ်လျက်ရှိသည်။ ပြည်သူများ ဆင်းရဲဒုက္ခကြုံတွေ့စေရန်၊ အမျိုးသားစီးပွားရေးဘဝ ထိခိုက်နစ်နာစေရန် ဖန်တီးလုပ်ဆောင်လျက်ရှိကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာကို စွန့်လွှတ်ပြီး သူတစ်ပါးသြဇာအာဏာလောင်းရိပ်အောက်သို့ ရောက်ရှိသည့်အဖြစ်မျိုး မည်သည့်အခြေအနေတွင်မှ အရောက်မခံနိုင်ပေ။

သို့ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

❀ မိုင်းကိုင်မြို့မှ

ဖူးစားပြောင်း၊ မြေပဲ၊ ပဲပုပ်၊ ပဲစင်းငုံ၊ ငရုတ်နှင့် ဟင်းသီးဟင်းရွက်များလည်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။

ဆည်များ

စိုက်ပျိုးရေးအတွက် ကျေးရွာလူထုက ထိန်းသိမ်းထားသော ဆည်များရှိသည်။ ၎င်းတို့မှာ တုံလောဆည်၊ နားလုံဆည်၊ နမ့်ချိုဆည်၊ လွိုင်လိုင်ဆည်နှင့် ဖိုင်ယွန်အင်းဆည်တို့ဖြစ်သည်။ ဆည်အားလုံးမှာ သစ်ရိုက်ကျောက်ဖြည့်များဖြစ်သည်။

ပညာရေးကဏ္ဍတွင် အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်း၊ မူလတန်းကျောင်း ၃၆ကျောင်း ဖွင့်လှစ်ပေးထားသဖြင့် ဒေသတွင်းမှ ယခုအခါ အထက်တန်းကျောင်းသား ၁၃၆ ဦး၊ အလယ်တန်းတွင် ၈၁၉ဦးနှင့် မူလတန်းတွင် ၂၀၇၈ ဦးတို့ တက်ရောက် ပညာသင်ကြားလျက်ရှိနေသည်။

ကျန်းမာရေးကဏ္ဍတွင်၁၆-ခုတင်ဆံ့ ဆေးရုံတစ်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများအဖြစ်တုံလော၊ ဟမ်းမငိုင်း၊ ပန်ကေတုတို့၌ ဖွင့်လှစ်ပေးထားပြီး ကျေးလက်ကျန်းမာရေးဌာနခွဲများအဖြစ် မိုင်းယွန်း၊ ဟိုခဲ၊ ခေးအွန်ဆွေ့၊ ကပ်ဖီးနှင့် ဟိုနားတို့တွင် ဖွင့်လှစ်ပေးထားသည်။

ကြည်ညိုဖွယ်

မိုင်းကိုင်မြို့တွင် ရွှေမြင်ထင်မွေတော်စေတီတော်ပရိဝုဏ်အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်ဘုရားကြီးတစ်ဆူ စေတီဟောင်းကြီး ပြိုပျက်ရာမှ ပေါ်တော်မူလာလျက်ရှိကြောင်း သိရှိရ၍ ကြေးမုံသတင်းအဖွဲ့ဝင်ရောက် ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မှာသေးသေးမဟုတ်ပေ။ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးဖြစ်ပြီး ဉာဏ်တော်အမြင့် ၁၅ပေ အထက်ရှိမည်ဟု ခန့်မှန်းရသည်။ ယခုအခါ ငုံထားသော စေတီတော်ဟောင်းကြီးမှ အုတ်များကိုဖယ်ရှားပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပြုပြင်မွမ်းမံထားသဖြင့် ဖူးတွေ့ရသည်မှာ ကြည်ညိုဖွယ်ကောင်းလှသည်။

မိုင်းကိုင်ရှိ ရွှေမြင်ထင်မွေတော်စေတီတော်ဘုရားသမိုင်းမှာ သက္ကရာဇ် ၂၃၅ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးသည် ဂေါတမမြတ်စွာဘုရား၏ ဓာတ်တော်များကို ပင့်ဆောင်ပြီး မိုင်းကိုင်သို့ ရောက်ရှိကာ နမ့်တိန်းနှင့် နမ့်ခမ်းဆုံရာအရပ်တွင် ဓာတ်တော်ကို ဌာပနာပြီး စေတီတော်တည်ထားခဲ့သည်ဆို၏။ စေတီတည်ရာအရပ်မှာ ဘုရားအလောင်းတော် နစဉ်ခါက ကြိုးကြာငှက်ဘဝဖြင့် ဘေးမသီရန်မခ နေခဲ့သည့်အရပ်ဖြစ်ကြောင်းသိရသည်။

သက္ကရာဇ် ၄၆၆ခုနှစ်တွင် အလောင်းစည်သူမင်းကြီး မိုင်းကိုင်သို့ ရောက်ရှိပြီး စေတီတော်အကြောင်းကို မှူးမတ်များအား မေးမြန်းရာ ဘုရားရှင်၏ ဓာတ်တော်ကို အဇာတသတ်မင်းမှ ရာဇဂြိုဟ်မြို့ အရှေ့တောင် ရွှေမြင်ရုပ်ဝမ်းခေါင်းဖြင့် ဌာပနာခဲ့ရာမှ သီရိဓမ္မာသောကမင်းက တူးဖော်၍ ပြန်လည်ထည့်သွင်း ဌာပနာထားသည့် စေတီတစ်ဆူဖြစ်ကြောင်း လျှောက်ထားခဲ့ကြသည်ဆို၏။

ကောဇာသက္ကရာဇ် ၁၀၈၇ခုနှစ်တွင် ခွန်စံလှ သက်တော် ၁၅နှစ်အရွယ်တွင် မိုင်းကိုင်မြို့ကို အုပ်ချုပ်သည်။ သာသနာတော်ကို ကြည်ညိုခြင်း၊ မင်းကျင့်တရားတို့နှင့်အညီ အုပ်ချုပ်ခြင်းတို့ကြောင့် ၁၀၈၈ခုနှစ်တွင် ကိုင်းညွှတ်နေသည့် စေတီတော်မှာ အလိုလိုပြန်တည့်လာခဲ့သည်ဟု သိရသည်။ စေတီတော်ကြီးကို ၁၀၉၉ခုနှစ်တွင် ခွန်စံလှမှ မွမ်းမံပြီး ၁၁၀၀ပြည့်နှစ်တွင် ထီးတော်တင်လှူခဲ့သည်။ သက္ကရာဇ် ၁၂၈၅ခုနှစ်တွင် စပ်ခွန်မုံမှ ထိုင်းနိုင်ငံ၊ လပွန်းမြို့ ဆရာတော် ဦးခမ္မိကနှင့် အတူ စေတီတော်ကို ပြန်လည်ပြုပြင်ခဲ့သည်။ ဒုတိယအကြိမ် ထီးတော်တင်ပွဲကို ၁၂၈၆ခုနှစ် တပေါင်းလဆန်းတွင် ကျင်းပရာ ဘုံကိုးဆင့်အထိရှိ ထီးတော်ကိုအောင်မြင်စွာ တင်လှူနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ မိုင်းကိုင်မြို့ရှိ ရွှေမြင်ထင်မွေတော်စေတီတော်ကြီးနှင့် ဘုရားစေတီပရိဝုဏ်အတွင်းမှ ပေါ်တော်မူလာသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့်မိုင်းကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဘုရားဂေါပကအဖွဲ့ နာယကဆရာတော်ကြီးများ၊ မိုင်းကိုင်မြို့သူ၊ မြို့သားများနှင့်အတူ ဘက်စုံပြုပြင်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိနေကြောင်း သတင်းစကားကြားသိခဲ့ရပါသည်။ ။ (ကြေးမုံ)

မိုင်းကိုင်မြို့ ရွှေမြင်ထင်မွေတော် စေတီတော် ပရိဝုဏ်အတွင်း စေတီဟောင်းကြီးပြိုပျက်ရာမှ ပေါ်တော်မူလာသော ဉာဏ်တော်အမြင့် ၁၅ပေအထက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဤသို့ဖူးတွေ့ခဲ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

မွေး/ရေဝန်ကြီးဌာန ငွေပင်လယ်ဂျာနယ်ထုတ်ဝေမည်

ရန်ကုန် သြဂုတ် ၂၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ငွေပင်လယ်ကြီးပွားရေး အောင်မြင်ရေး ဘဝတန်ဖိုးဂျာနယ်ကို စာရေးဆရာ တပ်မတော်မင်းရဲထွန်းက အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ပြီး အမှတ်(၁)ကို စက်တင်ဘာ ၁ရက်နေ့တွင် ထွက်ရှိမည်ဖြစ်ရာ စာပေမြတ်နိုးသူများ၊ ဘဝမြင့်မားတိုးတက်လိုသူများအတွက် ကလောင်စုံ စာပေအင်အားအစုံဖြင့် ၁၅ရက်တစ်ကြိမ် ထုတ်ဝေမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ဒါတွေကို သိဖို့လိုတယ်

✻ မြောက်တိုင်းလည်း မမြောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

ဒိုက်ဦးမြို့ အမှတ်(၆)ရပ်ကွက် ဒဂုံ-မန်းလမ်း အမှတ်(ဂျီ-၃၈၀) (ပဆ-၁၄/၁၆၁၂) ဆိုင်ခန်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

ရန်ကုန် သြဂုတ် ၂၇

ဒိုက်ဦးမြို့ အမှတ်(၆)ရပ်ကွက် ဒဂုံ-မန်းလမ်း အမှတ်(ဂျီ-၃၈၀) (ပဆ-၁၄/၁၆၁၂) ဆိုင်ခန်းကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဖြစ်သည်။ ယင်းဆိုင်ခန်း၏ မြေဧရိယာမှာ သုည ဒသမ ၀၂၉၈ ဧကဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေကျပ် သုည ဒသမ ၉၁ သန်းဖြစ်သည်။ ဝယ်ယူလိုသူပုဂ္ဂိုလ် / အဖွဲ့အစည်းသည် စက်တင်ဘာ ၂၅ရက် ညနေ ၄နာရီ နောက်ဆုံးထားပြီး သတ်မှတ်ထားသော အဆိုပြုလွှာကို ချိတ်ပိတ်၍ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့သို့ တင်သွင်းရန်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး ဈေးနှုန်းပေးသူနှင့် ဈေးနှုန်းတူညီစွာ ပေးနိုင်ပါက ဦးစားပေး စဉ်းစားမည်။ မူလပိုင်ရှင် ဖြစ်ကြောင်းခိုင်လုံသော အထောက်အထား တင်ပြရမည်။ မူလပိုင်ရှင်မဟုတ်ပါက ဈေးအများဆုံးပေးဝယ်သည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည်သတ်မှတ်ထားသောပုံစံတွင်ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့ ဖုန်း-၂၄၅၅၀၆၊ ၂၄၅၅၁၆နှင့် ၂၄၅၅၃၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ (သတင်းစဉ်)

စိတ်စွမ်းအင် လက်ရွေးစင်ဆောင်းပါးများ (ပထမတွဲ) ထုတ်ဝေ

ရန်ကုန် သြဂုတ် ၂၇

ပညာရွှေတောင်စာအုပ်တိုက် အမှတ် ၉၀/၉၂ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၂၄၂၈၃၃နှင့် ၂၄၀၆၉၀တို့က စိတ်စွမ်းအင်လက်ရွေးစင်ဆောင်းပါးများ (ပထမတွဲ) ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ဝဲပုံ)**

(က-ပ)

ဩဂုတ် ၂၅ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ဘက် ရာမာဒီမြို့အထွက် ပင်မလမ်းမကြီးပေါ်တွင် အမေရိကန်တပ်သားများ ဖောက်ခွဲပစ္စည်းများ ရှာဖွေနေစဉ် အခြားတပ်သားများက လမ်းမကြီးကို ပိတ်ဆို့ထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် မလုံခြုံမှုနှင့် မတည်ငြိမ်မှုများ တိုးပွားလာ သိမ်းပိုက်ရေးတပ်များတွင် တာဝန်ရှိဟု ဝေဖန်

တီဟီရန် ဩဂုတ် ၂၆

အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော တူရကီနှင့် အီရန်နိုင်ငံတို့က ဆက်ဒမ်ကို ဖြုတ်ချပြီး အီရတ်ကို သိမ်းပိုက်ထားကြသော အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များသည် မတည်မငြိမ်ဖြစ်နေသော အီရတ်နိုင်ငံ၏ တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် ဖိဖိစီးစီး လုပ်ဆောင်သင့်ကြောင်း ဝေဖန်ပြောကြားခဲ့ကြသည်။

လွန်ခဲ့သော သီတင်းပတ်က ဘဂ္ဂဒက်မြို့တွင် ကုလသမဂ္ဂအဖွဲ့ချုပ်ရုံးကို အသေခံ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဒီမဲလို သေဆုံးသွားခဲ့ရသည်။ ၎င်း၏ ရုပ်အလောင်း မြေချရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ လေယာဉ်ဖြင့် ရောက်ရှိလာချိန်နှင့် တိုက်ဆိုင်၍ တူရကီနှင့် အီရတ်နိုင်ငံတို့၏ သတိပေးဝေဖန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်တို့ နောက်ခံပြု ခန့်အပ်ထားသော အီရတ်အုပ်ချုပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့သည် အာရပ်နိုင်ငံများသို့ လှည့်လည်ပြီး တရားဝင်အသိအမှတ်ပြုကြရန်အတွက် စည်းရုံးလျက်ရှိကြရာ မအောင်မမြင်ဖြစ်နေသည်ဟု ဆိုသည်။

သတိပေး

အီရတ်နိုင်ငံတွင် ထင်ရှားသော ရှီးယားဘာသာရေးခေါင်းဆောင် လေးဦးအနက် အယာတိုလာဆေးရစ် မိုဟာမက် ဆေဒ်အယ်ဟာကင်သည် တစ်ဦးအပါအဝင်ဖြစ်သည်။ ၎င်းပုဂ္ဂိုလ်အား လုပ်ကြံရန် ကြိုးစားမှုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးသွားခဲ့ရသည်။ ထိုကိစ္စဖြစ်ပွားသည်ကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံက အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များကို သတိပေးခြင်းဖြစ်သည်ဟု ဆိုသည်။

အီရန်နိုင်ငံ၏အထွတ်အမြတ်ထားသော ခေါင်းဆောင် အယာတိုလာအလီခါမေနီက နာဂျက်မြို့တွင် တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ ရှုတ်ချပြောကြားခဲ့သည်။ ထိုမြို့သည် ဘာသာရေးအရ အလေးအမြတ်ထားသော မြို့ဖြစ်သည်။ ယင်းမြို့တွင် ဖောက်ခွဲခြင်းသည် အစ္စလာမ်ဘာသာနှင့် ရှီးယားမွတ်စလင်များကို ဆန့်ကျင်တိုက်ခိုက်ခြင်းပင်ဖြစ်သည်ဟု ခါမေနီက ဆိုသည်။

ဖိနှိပ်ရေးမူဝါဒကျင့်သုံး

အီရတ်နိုင်ငံသည် စစ်ဒဏ်ကြောင့် ညက်ညက်ကြေနေပြီး အီရတ်ပြည်သူများမှာ စည်းလုံးညီညွတ်ရေး အလွန်အမင်းလိုအပ်နေချိန်ဖြစ်သည်။ နာဂျက်မြို့တွင် ဖြစ်ပွားခဲ့သော လုပ်ရပ်ကို အကြောင်းပြု၍ အကာအကွယ်မဲ့နေသော အီရတ်ပြည်သူများအပေါ် သိမ်းပိုက်ရေးတပ်ဖွဲ့များက ဖိနှိပ်ရေးမူဝါဒကျင့်သုံးသည့် လက္ခဏာများရှိကြောင်း အီရန်နိုင်ငံအိုင်အာအင်အေသတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာမစ်ရာဇာအဆဖီက အီရတ်တွင် ဖြစ်ပေါ်နေသော မလုံခြုံမှုနှင့် မတည်ငြိမ်မှုများ တိုးလာသည်ကို စိုးရိမ်ပူပန်ကြောင်း၊ ထိုကိစ္စအားလုံးအတွက် သိမ်းပိုက်ရေးတပ်များတွင် တာဝန်ရှိကြောင်း ပြောကြားသွားသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ် ဗုံးခွဲမှု တတိယအုပ်စုတစ်စုက ၎င်းတို့လက်ချက်ဟု ကြေညာ

ကိုင်ရို ဩဂုတ် ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ်ကို ထိခိုက်သေဆုံးမှုရှိသော ကားဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းမှာ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း ကြေညာသည့် တတိယမြောက်အုပ်စုတစ်စု ပေါ်ပေါက်လာပြန်သည်။

လန်ဒန်အခြေစိုက် အာရပ်သတင်းစာဖြစ်သည့် အယ်ဟာယက်တွင် တနင်္လာနေ့က ကိုးကားဖော်ပြသည့် ကြေညာချက်ကို "အဘူဟက်ဖ် အယ်မာဆရီ တပ်မဟာ"ဟူ၍ လက်မှတ်ရေးထိုးထားသည်။

လျှို့ဝှက်သိုသိပ်သော ဤအုပ်စုက ၂၀၀၁ ခုနှစ် နိုဝင်ဘာလတွင် အာဖဂန်နစ္စတန်နိုင်ငံကို အမေရိကန်လေကြောင်းမှ တိုက်ခိုက်စဉ် သေဆုံးသွားသော အိုစမာဘင်လာဒင်၏ ထိပ်တန်းလက်ထောက် မိုဟာမက်အာတက်၏နာမည်ပွားများမှ အမည်တစ်ခုကို ယူထားသည်။

လုပ်ကြံရန်ကြိုးပမ်း

မိမိတို့သည် အာဖဂန်နစ္စတန်တွင် တစ်ခု၊ အီရတ်နိုင်ငံတွင်တစ်ခု စစ်ဆင်ရေးနှစ်ခုကို ဆင်နွှဲကြောင်းဖြင့် ကြေညာချက်တွင် ဖော်ပြသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် သမ္မတဟာမစ်ကာဇိုင်းကို လွန်ခဲ့သည့်နှစ်က လုပ်ကြံရန်ကြိုးပမ်းခဲ့ပြီး ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ်ကို ဗုံးခွဲခဲ့ကြောင်း ဖော်ပြလိုက်သည်။

"အဘူဟက်ဖ်အယ်မာဆရီတပ်မဟာ"မှာ အုပ်စုတစ်စုအဖြစ် ရပ်တည်သည့် အထောက်အထား မရှိသလောက်ဖြစ်၍ ဤကြေညာချက်မှာ လှည့်စားခြင်းတစ်ရပ်ဖြစ်မည်ဟု သူယုံကြည်ကြောင်း ကျွမ်းကျင်သူ ရိုဟန်ဂူနာရတ်တနာက အေပီသို့ ပြောကြားသည်။

ကုလသမဂ္ဂအဖွဲ့ရုံးချုပ်ကို ဗုံးဖောက်ခွဲခြင်းမှာ သူတို့လက်ချက်ဖြစ်သည်ဟု အနည်းဆုံး အခြားသော ကြေညာချက်နှစ်ရပ်လည်း ပေါ်ပေါက်ခဲ့သည်။

ပထမကြေညာချက်မှာ အာရပ်ရုပ်မြင်သံကြားဌာန အယ်အာရေဗျာသို့ လွန်ခဲ့သည့် ရက်သတ္တပတ်က ပေးပို့သည့် "အမှတ်(၂) မိုဟာမက် တပ်မတော်၏ လက်နက်ကိုင်တပ်"၏ ကြေညာချက်ဖြစ်သည်။

ဒုတိယကြေညာချက်မှာ လက်ဘနွန်ရုပ်မြင်သံကြားဌာန အယ်လ်ဘီစီက စနေနေ့တွင် ထုတ်လွှင့်သည့် "မိုဟာမက်၏ တပ်မတော်"က ပေးပို့သော ကြေညာချက်ဖြစ်သည်။

အင်တာနက်။

ဘရာဇီးနှင့် ပီရူးဆက်ဆံရေး ခိုင်မာအောင် ဆောင်ရွက်မည်

လီမာ ဩဂုတ် ၂၆

ပီရူးနိုင်ငံသို့ နှစ်ရက်ကြာ လာရောက်လည်ပတ်နေသော ဘရာဇီးသမ္မတ လူးဝစ်အင်နာဆီယိုလူလာ ဒါဆီးလ်ဗာနှင့် ပီရူးသမ္မတ အလက်ဂျန်ဒရိုတိုလီဒိုတို့သည် တနင်္ဂနွေနေ့က လီမာမြို့၌ တွေ့ဆုံဆွေးနွေးကြပြီး နှစ်နိုင်ငံကြား နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရန် လုပ်ဆောင်သွားမည်ဟု ကတိကဝတ်ပြုခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

တရုတ်ပြည်တွင် တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်

ကွမ်ချောင် ဩဂုတ် ၂၆

ခရိုဗန်အမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် ဟိုင်နန်ကျွန်းစုရှိ ဝမ်ချန်ဒေသကို ဖြတ်သန်းတိုက်ခတ်ခဲ့ပြီး တနင်္လာနေ့ နံနက်ခင်းတွင် ဇူဝမ်ဒေသ ကျင်ရှန်မြို့သို့ ရောက်ရှိလာသောကြောင့် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်တွင် ပင်လယ်ရေပြင် သတိပေးချက်များ ထုတ်ပြန်ထားသည်။

—— ဝင်ရောက်နိုင် ——

မုန်တိုင်းတိုက်ခတ်စဉ် လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၃၃ မီတာနှုန်းရှိသည်။ အဆိုပါမုန်တိုင်းသည် ကွမ်တုန်ပြည်နယ်တောင်ပိုင်းရှိ လိုင်ချောင်ပြည်နယ်ကို မွန်းမတည့်ခင် ဖြတ်သန်းတိုက်ခတ်နိုင်ပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ ဘိုင်ဘူးပင်လယ်ကွေ့သို့ ဝင်ရောက်နိုင်သည်ဟု မိုးလေဝသကျွမ်းကျင်သူများက ခန့်မှန်းကြသည်။ ထို့ပြင် ကွမ်ဇီးပြည်နယ်နှင့် ဗီယက်နမ်နယ်စပ်သို့လည်း ရောက်ရှိနိုင်သည်ဟု ၎င်းတို့က ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မက္ကဆီကို ကမ်းရိုးတန်း ဟာရီကိန်းမုန်တိုင်းတိုက်ခတ်

မက္ကဆီကိုစီးတီး ဩဂုတ် ၂၅

အစ်ဂနာဆီရိုဟု အမည်ပေးထားသည့် ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ၏ ဘာဂျာကယ်လီဖိုးနီးယားကျွန်းဆွယ်သို့ တနင်္ဂနွေနေ့က တိုက်ခတ်ခဲ့သည်။

ဦးတည်ရွေ့လျား

မုန်တိုင်းသည် တစ်နာရီလျှင် ခုနစ်ကီလိုမီတာနှုန်းဖြင့် မြောက်ဘက်သို့ ဦးတည်ရွေ့လျားနေပြီး ကျွန်းဆွယ်ရှိ လပက်ဇ်ပြည်နယ်သို့ နီးကပ်လာသည်။

အဆိုပါ ပြည်နယ်ရှိဒေသခံ ၆၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ကျွန်းဆွယ်မြေနိမ့်ပိုင်းရှိ ဆိပ်ကမ်းများအားလုံးကို တနင်္ဂနွေနေ့လယ်ထိ ပိတ်ထားခဲ့သည်။

မုန်တိုင်းသည် ကယ်လီဖိုးနီးယားပင်လယ်ကွေ့တွင် ဆက်လက်ရှိနေပြီး ညသန်းခေါင်ယံကျော်တွင် ကျွန်းဆွယ်၏ အရှေ့တောင်ဘက် ပိုင်းသို့ ရောက်ရှိမည်ဟု မျှော်လင့်ရသည်။

ရွာသွန်း

မုန်တိုင်းတိုက်ခတ်စဉ် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၆၅ ကီလိုမီတာရှိသည်။ မုန်တိုင်းကြောင့် မိုးရေချိန်လက်မ ၃၀ မှ ၄၀ စင်တီမီတာထိ ရွာသွန်းနိုင်ပြီး ရုတ်တရက်ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသပညာရှင်များက ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩဂုတ် ၂၅ ရက်က တန်ဇန်းနီးယားနိုင်ငံ ဒါရက်ဆလမ်မြို့တွင် ကျင်းပသည့် အာဖရိကတောင်ပိုင်း ဖွံ့ဖြိုးရေးအဖွဲ့(အက်စ်အေဒီစီ)၏ ၂၀၀၃ ခုနှစ် ထိပ်သီးဆွေးနွေးပွဲ၌ နိုင်ငံအကြီးအကဲများနှင့် ကိုယ်စားလှယ်များ အမှတ်တရ ဓာတ်ပုံအရိုက်ခံနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ ကားတိုက်မှု ဆယ်ကျော်သက်လေးဦး သေဆုံး

တိုကျို ဩဂုတ် ၂၆

ဂျပန်နိုင်ငံအနောက်ဘက် နာရာပြည်နယ် ရှိမိုရှိမြို့၌ တနင်္လာနေ့က ကားတစ်စီး အုတ်တံတိုင်းကို တိုက်မိပြီး မီးလောင်မှုဖြစ်ပွားရာ ဆယ်ကျော်သက်လေးဦး သေဆုံးသွားသည်။

သေဆုံးသူများမှာ အသက်(၁၇)နှစ်နှင့် (၁၈)နှစ်အတွင်းရှိပြီး အထက်တန်းကျောင်းသားတစ်ဦး ပါဝင်ကြောင်း ဂျပန်ရဲအဖွဲ့က ပြောကြားသည်။

အဆိုပါကားသည် ပထမဦးစွာ ကျောက်တုံးတစ်တုံးကို တိုက်မိခဲ့ပြီး ဥမင်သို့အဝင်ဝရှိ ကွန်ကရစ်နံရံတစ်ခုကိုဆက်၍ အရှိန်ဖြင့် တိုက်မိခဲ့သည်ဟု ရဲများက ယူဆကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ရှိ ဥရောပ ထောက်ပံ့ရေးအဖွဲ့အစည်းများ လုံခြုံရေးစိုးရိမ်ရသော်လည်း လုပ်ငန်းများဆက်လုပ်မည်

ပါရီ ဩဂုတ် ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ်ကို လွန်ခဲ့သည့်ရက်သတ္တပတ်က ကားဗုံး ဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားသည့်ကြားမှပင် အီရတ်နိုင်ငံရှိ ဥရောပထောက်ပံ့ရေးအဖွဲ့အစည်းများက ၎င်းတို့၏ လုံခြုံရေးမှာ စိုးရိမ်ဖွယ်ရှိကြောင်း ဆက်လက်ပြောကြားလျက် **တစ်ချိန်တည်းမှာပင် ဝန်ထမ်းအရေအတွက် လျှော့ချသည့်တိုင်အောင် အီရတ်၌ ဆက်လက်လုပ်ဆောင်သွားကြရန် သန္နိဋ္ဌာန်ချထားကြသည်ဟု သိရသည်။**

ကုလသမဂ္ဂအထူးသံတမန် ဆာဂျီယိုဒီမဲလိုးအပါအဝင် ကုလသမဂ္ဂအဖွဲ့ရုံးချုပ်၌ တာဝန်ထမ်းဆောင်သူ ၂၃ ဦး သေဆုံးရသည့် **ဗုံးခွဲတိုက်ခိုက်ခံရအပြီးတွင် ကုလသမဂ္ဂနှင့် ကြက်ခြေနီအဖွဲ့တို့က လုံခြုံရေးစိတ်မချရသေးသည့်အတွက် နိုင်ငံတကာ ဝန်ထမ်းများကို တစ်ဝက်လျှော့ချမည်ဟု ကြေညာကြသည်။**

သို့သော် လူအများအပြားသေဆုံးစေသည့် အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုမပြုမီကပင် ထောက်ပံ့ရေး အလုပ်သမားများမှာ ပစ်မှတ်အဖြစ်သတ်မှတ်ခံရကာ အတိုက်ခံခဲ့ရသည်။ **သီရိလင်္ကာကြက်ခြေနီ အလုပ်သမားတစ်ဦးနှင့် အီရတ်ကုလသမဂ္ဂအလုပ်သမားတစ်ဦးတို့ လွန်ခဲ့သည့်လက သေဆုံးခဲ့ကြရသည်။**

ကက်ပ်အနာမာသည် အစိုးရမဟုတ်သည့် ဂျာမနီအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး အီရတ်တွင် ဆက်လက်နေထိုင်လုပ်ကိုင်ပေးမည့် သေးငယ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ **စီမံကိန်းညွှန်ကြားရေးမှူး အယ်လီးယက်စ်ဘိုင်အာဒဲသည် အစိုးရမဟုတ်သည့် (အင်ဂျီအို)အဖွဲ့များ ရင်ဆိုင်နေရသည့် ပြဿနာများအပေါ် ရှင်းရှင်းလင်းလင်းမြင်တတ်သူဖြစ်သည်။**

အမေရိကန်ဦးဆောင်သည့် တပ်သားများက အီရတ်ပြည်သူများရော၊ လူသားချင်းစာနာထောက်ပံ့မှု ပေးနေသည့် ထောက်ပံ့ရေး လုပ်သားများကိုပါ လုံခြုံမှုအာမခံချက်များပေးနိုင်သည်ကို အစကပင် တွေ့မြင်ရကြောင်းဖြင့် ၎င်းက ပြောကြားလိုက်သည်။ ယခုအထိလည်း ဘာမှပြောင်းလဲတိုးတက်လာခြင်းမရှိသေးကြောင်း ၎င်းက ထည့်သွင်းပြောဆိုသည်။

အင်တာနက်။

လက်ခံတွေ့ဆုံ

တရုတ်သမ္မတ ဟူကျင်တောင်(ယာ)က ဘေဂျင်းသို့ အလည်အပတ် ရောက်ရှိနေသည့် အီရန်နိုင်ငံခြားရေးဝန်ကြီး ခါမဲလ်ခါရာဇီအား ဩဂုတ် ၂၅ ရက်က လက်ခံတွေ့ဆုံစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အလေးပေး အီရန်နှင့် ဆက်ဆံရေးတိုးမြှင့်ရန် တရုတ်သမ္မတပြောကြား

ဘေဂျင်း ဩဂုတ် ၂၆

ရာစုနှစ်သစ်တွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး အခြေခံမူများနှင့်အညီ အီရန်နိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်သွားရန် မိမိတို့နိုင်ငံက မျှော်လင့်ထားကြောင်း တရုတ်သမ္မတဟူကျင်တောင်က တနင်္လာနေ့တွင်ပြောကြားသည်။

တရုတ်ပြည်သည် အီရန်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် အလေးအနက်ထားကြောင်း၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို တစ်နိုင်ငံက အပြန်အလှန်လေးစားရေး၊ ပိုင်နက်နယ်မြေ စုစည်းတည်ရှိမှုကို လေးစားရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်မှုမပြုရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုလုပ်ရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဟူသော အခြေခံမူများနှင့်အညီ နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်နိုင်မည်ဟု မိမိမျှော်လင့်ကြောင်း သမ္မတဟူက မြို့တော်ဘေဂျင်းသို့ အလည်အပတ်ရောက်ရှိနေသော အီရန်နိုင်ငံခြားရေးဝန်ကြီး ခါမဲခါရာဇီအား ပြောကြားသည်။

တရုတ်ပြည်နှင့် အီရန်နိုင်ငံတို့အကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ နှစ်နိုင်ငံ ထိပ်တန်းတာဝန်ရှိသူများ၏ အပြန်အလှန်အလည်အပတ်ခရီးစဉ်များသည်လည်းကောင်း၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာမှုသည်လည်းကောင်း ဆက်ဆံရေးမြှင့်မားလာပုံကိုထင်ဟပ်လျက်ရှိကြောင်း တရုတ်သမ္မတက ပြောကြားသည်။

အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်ပြည်၏အရေးပါသော ကုန်သွယ်ရေး မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ဟူက ပြောကြားသည်။

အီရန်နိုင်ငံသည် တရုတ်ပြည်နှင့် နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့နိုင်မည်ဟု မိမိမျှော်လင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကုလသမဂ္ဂရုံးဗုံးပေါက်ကွဲရာနေရာ၌ အလောင်းများရှာဖွေမှု ပြီးဆုံးပြီဟုဆို

ဘဂ္ဂဒက် ဩဂုတ် ၂၆

ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးအား ဗုံးဖောက်ခွဲမှု ဖြစ်ပွားရာ နေရာ၌ အလောင်းများအား ရှာဖွေနေမှု ပြီးဆုံးသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြထားသည်။

ဗုံးဖောက်ခွဲရာနေရာတွင် ထပ်မံတွေ့ရှိရသည့် အီရတ်နိုင်ငံသား ခုနစ်လောင်းအား ၎င်းတို့၏ ဆွေမျိုးသားချင်းများသို့ ကုလသမဂ္ဂ တာဝန်ရှိပုဂ္ဂိုလ်များက လွှဲပြောင်းပေးအပ်လိုက်သည်။ ကယ်ဆယ်ရေး အသင်းအဖွဲ့အစည်းက အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို ခုနစ်ရက်ကြာဆောင်ရွက်မှု အဆုံးသတ်စဉ်မှာပင် ယင်းကဲ့သို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။

သို့ရာတွင် နောက်ထပ် လူများမှာ ပျောက်ဆုံးနေသေးကြောင်း ၎င်းတို့က ဝန်ခံပြောကြားသည်။ ကယ်ဆယ်ရေး လုပ်ငန်းများ အဆုံးသတ်သွားသည့်တိုင်အောင်လုပ်စရာအများအပြားရှိသေးကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ပြောသည်။ အင်္ဂါနေ့က အသေခံ ကားဗုံးပေါက်ကွဲမှုကြောင့် ထိပ်တန်းကုလသမဂ္ဂသံတမန် ဆာဂျီယိုဒီမဲလိုးအပါအဝင် လူ ၂၃ ဦး သေဆုံးခဲ့သည်ဟု အတည်ပြုပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ယာယီမဟာမင်းကြီး ဂိုင်ယာနာနိုင်ငံသား ဘာထရန်ရာချာနန်က ကွယ်လွန်သူ ကုလသမဂ္ဂသံတမန် ဆာဂျီယိုဒီမဲလိုး၏ဇနီး အန်နီဒီမဲလိုး (ယာမှဒုတိယ) အား ဩဂုတ် ၂၅ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကြိုဆိုနှုတ်ဆက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုကင်းလေးတန် ဒတ်ချ်နိုင်ငံဖမ်းမိ

အမ်စတာဒမ် ဩဂုတ် ၂၆

ဒတ်ချ်နိုင်ငံ ဆိပ်ကမ်းတစ်ခု၌ **ဗင်နီဇွဲလားနိုင်ငံသို့ သင်္ဘောတစ်စင်း၏ လောင်စာဆီကန်အတွင်း အခန်းငယ်တစ်ခန်း၌ ဝှက်ယူလာသည့် ယူရိုငွေသန်း ၂၀၀ တန်ဖိုးရှိကိုကင်းလေးတန်ကို ဒတ်ချ်အကောက်ခွန်ဌာနက သိမ်းဆည်းရမိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြောကြားသည်။**

ဒတ်ချ်ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးဗျူရိုက သတင်းပေးချက်ရရှိကာ **သုံးရက်မြောက် ရှာဖွေပြီးနောက် သိမ်းဆည်းရမိသည့် အဆိုပါ မူးယစ်ဆေးဝါးများသည် ဒတ်ချ်နိုင်ငံတွင် ကိုကင်းဖမ်းဆီးမိမှုများအနက် တစ်ခုဖြစ်သည်ဟု ဒတ်ချ်အစိုးရရှေ့နေချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။**

အမ်အင်အေ၊ ရိုက်တာ။

ဟိုတယ်အခန်း မလုံလောက်မှုကြောင့် အီရတ် ကုန်စည်ပြပွဲရက်ရွှေ့ဆိုင်း

ဘဂ္ဂဒက် ဩဂုတ် ၂၆

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် အထောက်အကူပြုရန် နိုင်ငံခြားကုမ္ပဏီများအား ဆွဲဆောင်နိုင်ရေး ရည်ရွယ်သည့် ကုန်စည်ပြပွဲကိုလာမည့်နှစ်ဧပြီလသို့ရွှေ့ပြောင်းဆိုင်းငံ့ထားကြောင်း ဝါရင့်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက တနင်္လာနေ့တွင်ပြောကြားသည်။ သို့ရာတွင် ယင်းသို့ ဆိုင်းငံ့ရခြင်းသည် လုံခြုံရေးစိုးရိမ်မှုများထက် ဟိုတယ်အခန်းများ မလုံလောက်သောကြောင့်ဖြစ်ကြောင်း ၎င်းက အပြစ်ဖို့ပြောကြားသည်။

အဆိုပါ ကုန်စည်ပြပွဲကို ဒီဇင်ဘာ ၁ရက်တွင် ကျင်းပရန်စီစဉ်ခဲ့ရာမှ ရက်ရွှေ့ဆိုင်းခဲ့ကြောင်း၊ အကြောင်းမှာ ဘဂ္ဂဒက်မြို့လယ်ရှိ ဟိုတယ်အချို့မှာ အမေရိကန်စစ်ဘက်ဆိုင်ရာတို့က အသုံးပြုနေသောကြောင့်ဖြစ်ကြောင်း ဖက်ရီဒင်ရာရှန်ကပြောကြားသည်။ ၎င်းသည် အမေရိကန်က ခန့်အပ်သည့်ကုန်သွယ်ရေးဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သည်။

လွန်ခဲ့သည့်သီတင်းပတ်က လူ ၂၃ ဦး သေဆုံးခဲ့ရသော ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးဗုံးပေါက်ကွဲမှုကြောင့် အီရတ်ရှိနိုင်ငံခြားသားများ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများကြီးထွားခဲ့ရသည်။ သို့ရာတွင် နှစ်စဉ် နိုဝင်ဘာလတွင် ကျင်းပတတ်သည့် ကုန်စည်ပြပွဲ ဆိုင်းငံ့ရန်ဆုံးဖြတ်ခြင်းသည် လုံခြုံရေးနှင့် ဆက်စပ်မှုမရှိဟု ရာရှန်ကဆိုသည်။

ယင်းသို့ ကုန်စည်ပြပွဲကို ဆိုင်းငံ့ရခြင်းကြောင့် အီရတ်စီးပွားရေး ပြန်ဦးမော့ရေးကို အဟန့်အတားဖြစ်စေမည် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဆီယံနှင့်မိတ်ဖက်သုံးနိုင်ငံ စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည်

ကွာလာလမ်ပူ ဩဂုတ် ၂၆

အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ)ဝင်နိုင်ငံများနှင့် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့မှ စိုက်ပျိုးရေးဝန်ကြီးများသည် ကဏ္ဍအသီးသီး၌ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက်ရန် သောကြာနေ့က ဆုံးဖြတ်လိုက်သည်။

အာဆီယံစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးများနှင့် အာဆီယံ၏ဆွေးနွေးဖက် အရှေ့အာရှသုံးနိုင်ငံမှ ဝန်ကြီးများ၏ တတိယအကြိမ်မြောက်အစည်းအဝေးကို ကွာလာလမ်ပူမြို့တွင် ကျင်းပအပြီး ထုတ်ပြန်သည့် ပူးတွဲသတင်းလွှာ၌ ယင်းကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

၁၉၇၆ ခုနှစ်တွင် ထူထောင်ခဲ့သည့် ဒေသတွင်းမှ ၁၀ နိုင်ငံပါဝင်ပြီး အာဆီယံနိုင်ငံများ၌ လူဦးရေ သန်း၅၅၀ ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်လက်နက်ကိစ္စ ဗြိတိသျှအစိုးရက လိမ်လည်လှည့်ဖြားခဲ့

လူထုသဘောထား စစ်တမ်းတွင်ဖော်ပြ

လန်ဒန် ဩဂုတ် ၂၆

ဗြိတိသျှလူမျိုး သုံးပုံနှစ်ပုံကျော်က လူအများအပြားသေစေနိုင်သည့် အဖျက်လက်နက်များကိစ္စနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရ၏ လိမ်လည်လှည့်ဖြားမှုကို ခံခဲ့ရကြောင်းဖြင့် လူထုသဘောထားကောက်ယူမှု စစ်တမ်းထုတ်ပြန်ချက်အရ တနင်္ဂနွေနေ့တွင် သိရှိရသည်။

ကွန့်ညွှန့်တန်ဆာဆင်

၆၂ ရာခိုင်နှုန်းသော လေဘာပါတီအား မဲပေးသူများအပါအဝင် ဗြိတိသျှနိုင်ငံသား မဲပေးသူ ၆၇ ရာခိုင်နှုန်းတို့က ဗြိတိသျှအစိုးရသည် အီရတ်အဖျက်လက်နက်များနှင့် စပ်လျဉ်း၍ အထောက်အထားများကို ကွန့်ညွှန့်တန်ဆာဆင်ခဲ့သည်ကိုခံခဲ့ရသည်ဟု ပြောကြားကြောင်း ဖော်ပြပါစစ်တမ်းကို ကိုးကား၍ လက်ယာအုပ်စု ဆန်းဒေးတယ်လီဂရပ် နေ့စဉ်သတင်းစာက ဖော်ပြသည်။

ပြင်းထန်သည့်ထိုးနှက်ချက်

ဒေါက်တာကယ်လီသေဆုံးမှုနှင့် ပတ်သက်၍ ကြာသပတေးနေ့တွင် လော့ဒ်ဟက်တန်ဦးစီး၍ စုံစမ်းစစ်ဆေးမှုမပြုမီ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက သက်သေအထောက်အထားပေးရန် စိုင်းပြင်းလျက်ရှိနေစဉ် ဖော်ပြပါ လူထုစစ်တမ်းထွက်ပေါ်လာခြင်းသည် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအား ပြင်းထန်သည့်ထိုးနှက်ချက်အဖြစ် ရောက်ရှိနေသည်။

တိုနီဘလဲသည် ၎င်းအားစွပ်စွဲထားသည့် စွပ်စွဲချက်များအား ပြန်လည်ချေပမည်ဟု မျှော်လင့်ရသည်။

ဒေါက်တာကယ်လီ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တိုက်ရိုက် အကျိုးဆက်အားဖြင့် မဲဆန္ဒရှင် ၅၀ ရာခိုင်နှုန်းက တိုနီဘလဲအား အယုံအကြည်နည်းပါးနေကြကြောင်းဖြင့် ဖော်ပြပါလူထုစစ်တမ်းအရ သိရှိရသည်။ လေဘာပါတီ မဲဆန္ဒရှင် ၅၂ ရာခိုင်နှုန်းကလည်း သက်တမ်းအကြာရှည်ဆုံး အုပ်ချုပ်လာသည့် ဝန်ကြီးချုပ်တိုနီဘလဲအား ယခုအခါ အယုံအကြည်ပျက် စိတ်ကုန်ခန်းနေကြကြောင်း ပြောကြားကြသည်။

ဖွင့်ချထား

ဟက်တန် ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့က စနေနေ့ညက ထုတ်ပြန်သည့် မှတ်တမ်းမှတ်ရာများအရ ယခုနှစ်စောစောပိုင်းက ဒေါက်တာကယ်လီအား ဖမ်းထားကြောင်း ဖွင့်ချထားသည်။ အယ်လ်ခိုင်ဒါအဖွဲ့နှင့် အီရတ်နိုင်ငံတို့၏ ဆက်ဆံမှုနှင့်စပ်လျဉ်း၍ အချက်အလက်ရရှိမှု အားနည်းမှုအပေါ် ဘီဘီစီသို့ သတင်းပေါက်ကြားမှုကိစ္စနှင့် ပတ်သက်၍ ဒေါက်တာကယ်လီအား တွေ့ဆုံမေးမြန်းရန် တိုက်တွန်းနှိုးဆော်မှုကို ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးကြကြောင်း အီလက်ထရွန်နစ်စာပို့စနစ်တစ်ခုတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် အမေရိကန်စစ်သည် ၂၇၅ ဦးအထိ သေဆုံးခဲ့ပြီ ဗြိတိသျှစစ်သား ၄၈ ဦးနှင့် ဒိန်းမတ်စစ်သည် တစ်ဦး အသက်ဆုံးရှုံး

ဘဂ္ဂဒက် ဩဂုတ် ၂၅

အီရတ်နိုင်ငံတွင် အမေရိကန်တို့ ဦးဆောင်သော စစ်ပွဲစတင်ဆင်နွှဲချိန်မှစ၍ ဩဂုတ် ၂၅ ရက်အထိ သေဆုံးခဲ့ရသော အမေရိကန်စစ်သား စုစုပေါင်းမှာ ၂၇၅ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနသတင်းများအရ သိရသည်။ ထိုတနင်္လာနေ့မှာပင် အီရတ်နိုင်ငံတစ်နေရာ၌ အမေရိကန်စစ်သားတစ်ဦး ထပ်မံသေဆုံးကြောင်း သတင်းရရှိပြန်သည်။ အထက်ပါစာရင်းတွင် နောက်ဆုံးဝင်လာသော အသေအပျောက်စာရင်းမပေါင်းရသေးပေ။

၄၈ ဦး

ဗြိတိန်အစိုးရက ဗြိတိသျှစစ်သား ၄၈ ဦးသေဆုံးကြောင်း ဖော်ပြပြီး ဒိန်းမတ်နိုင်ငံက စစ်သည်တစ်ဦး သေဆုံးရသည်ဟု ဖော်ပြသည်။

၁၃၇ ဦး

အမေရိကန် ကာကွယ်ရေးဌာန၏ နောက်ဆုံးစာရင်းများအရဆိုလျှင် မေ ၁ ရက်က အမေရိကန်တို့ အီရတ်တွင် စစ်ပွဲများ ပြီးသွားပြီဟု ကြေညာခဲ့ပြီး နောက်ပိုင်းတွင် အီရတ်နိုင်ငံ၌ သေဆုံးခဲ့ရသော အမေရိကန် စစ်သားစုစုပေါင်းမှာ ၁၃၇ ဦးရှိသွားပြီဟု ဆိုသည်။

ပြီးခဲ့သော တနင်္လာနေ့က အမေရိကန် စစ်သားတစ်ဦးသည် ရန်လိုသော ပစ်ခတ်မှုကြောင့် မဟုတ်ဟု ဆိုသော သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားသည်။ ၎င်းသည် မည်သူမည်ဝါဖြစ်သည်ဆိုသော အချက်အလက်များကို ဖော်ပြထားခြင်း မရှိပေ။

မီးသင့်သေဆုံး

ဩဂုတ် ၂၁ ရက်တွင် ဘဂ္ဂဒက်၌ သေဆုံးသွားသော အမေရိကန်စစ်သည် အမည်မှာ မိုက်ကယ်အက်စ်အဒမ် (၂၀) နှစ်ဖြစ်သည်။ အဒမ်သည် ဂျာမနီနိုင်ငံတွင် တပ်စွဲထားသော အမှတ် (၃၅) သံချပ်ကာတပ်ရင်းကြီး၏ အမှတ် (၁) တပ်ရင်းမှ စစ်သည်ဖြစ်သည်။ သူသည် စစ်ရေးလေ့ကျင့်နေစဉ် မီးသင့်ရာမှ သေဆုံးသွားရခြင်းဖြစ်သည်။

ဩဂုတ် ၂၃ ရက်က ဘဂ္ဂဒက်မြို့တွင် သေဆုံးခဲ့ရသော အသက် (၂၁) နှစ်ရှိ စစ်သည်၏ အမည်မှာ စတီဖင်အမ်စကော့ဖြစ်သည်။

၎င်းမှာ တိုက်ပွဲကြောင့်မဟုတ်သော အခြားအနာတရဖြစ်မှုကြောင့် သေဆုံးသွားရသည်။ သူသည် အမေရိကန်နိုင်ငံ ဖို့ကာဆင်တွင် အခြေစိုက်ထားသော အမှတ် (၃) သံချပ်ကာ ယန္တရားတပ်မမှဖြစ်သည်။

ရေနစ်သေဆုံး

ဩဂုတ် ၂၃ ရက်၌ပင် အီရတ်နိုင်ငံ အာရာမာဒီမြို့အနောက်ဘက် ဟာဒီသာဆည်တွင် ရေနစ်သေဆုံးခဲ့ရသော စစ်သည်မှာ အသက် (၁၉) နှစ်ရှိ ဗွန်ဂျေမက်ဖြစ်သည်။ ၎င်း၏အလောင်းကိုနောက်တစ်နေ့တွင် ဆယ်ယူရရှိသည်။ သူသည်လည်း အမေရိကန်နိုင်ငံ ဖို့ကာဆင်တွင် အခြေစိုက်ထားသော အမှတ် (၃) သံချပ်ကာ ယန္တရားတပ်မမှ စစ်သည်တစ်ဦးဖြစ်သည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

လုံခြုံရေးအတွက်ပြင်ဆင်

ဘဂ္ဂဒက်မြို့ရှိ နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာစီ)ရုံး ပိုမိုလုံခြုံမှုရှိစေရေးအတွက် ရုံးတွင်းသို့ သဲအိတ်များ ဩဂုတ် ၂၅ ရက်က သယ်ဆောင်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် တာဝန်ထမ်းဆောင်နေသည့် ဘူဂေးရီးယားစစ်ယာဉ်များအနီး ဗုံးပေါက်ကွဲ

ဆိုဖီယာ ဩဂုတ် ၂၆

အီရတ်နိုင်ငံတွင် ကင်းလှည့်စောင့်ကြပ်နေသော ဘူဂေးရီးယားစစ်ဘက်ဆိုင်ရာ ယာဉ်များ၏ အနီးအပါးတွင် တနင်္ဂနွေနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဘူဂေးရီးယားသတင်း အေဂျင်စီက တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

ထိခိုက်မှုမရှိ

ဗုံးပေါက်ကွဲမှုကြောင့် ဘူဂေးရီးယားစစ်ယာဉ်တစ်စီးမှ လေကာမှန်ကွဲသွားခဲ့ကြောင်း၊ သို့ရာတွင် အဆိုပါဖြစ်ရပ်၌ မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း ဘူဂေးရီးယား လက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နီကိုလာကိုလက်ဖ်အား ကိုးကားလျက် ဘူဂေးရီးယားသတင်းအေဂျင်စီက ဖော်ပြသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ ဘူဂေးရီးယားတပ်ဖွဲ့က ချက်ချင်းစုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။ သို့ရာတွင် မည်ကဲ့သို့သော ဗုံးအမျိုးအစား ပေါက်ကွဲခဲ့သည်ဆိုခြင်းနှင့် မည်ကဲ့သို့ ဗုံးထောင်ခဲ့သည်ဆိုခြင်းတို့နှင့်ပတ်သက်၍ မသိရှိရပေ။

လျှော့မတွက်သင့်

အီရတ်နိုင်ငံတွင် မည်သည့်နယ်မြေဒေသတွင်မျှ လုံခြုံစိတ်ချရမှု မရှိကြောင်း၊ အီရတ်နိုင်ငံ၏ မည်သည့်ဒေသတွင်မဟူ ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်ကို လျှော့တွက်ခြင်းမပြုသင့်ကြောင်း ဘူဂေးရီးယားသမ္မတ ဂေါ်ရီပူဗန်နော့ဗ်က မကြာသေးမီက ပြောကြားခဲ့သည်။ *အမ်အင်အေ၊ဆင်ဟွာ။*

အလှူရှင်များညီလာခံ မဒရစ်မြို့၌ ကျင်းပမည်

ကုလသမဂ္ဂ ဩဂုတ် ၂၆

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ဒေါ်လာဘီလျံ များစွာ ထည့်ဝင်နိုင်ရေးအတွက် ရှာဖွေကြိုးဆသည့်အနေဖြင့် ကုလသမဂ္ဂသည် နိုင်ငံတကာ အလှူရှင်များဆိုင်ရာ ညီလာခံကို စပိန်နိုင်ငံမြို့တော်မဒရစ်၌ အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (ယူအင်ဒီပီ)က သောကြာနေ့တွင် ကြေညာလိုက်သည်။

ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးကို ဘရပ်ဆယ်မြို့၌ စက်တင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ငွေကြေးလိုအပ်မှု အကဲဖြတ်ရေးလုပ်ငန်းကို ကမ္ဘာဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) နှင့် အီရတ်အုပ်ချုပ်ရေးကောင်စီတို့နှင့် အပြီးသတ်ဆွေးနွေး ညှိနှိုင်းကြမည်ဖြစ်ကြောင်း ယူအင်ဒီပီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ တာ့ခ်မင် ၁၀ ဦး သေဆုံးမှု အမေရိကန်နှင့် ပီယူကေတို့အား အပြစ်တင်ဖော်ပြ

အန်ကာရာ ဩဂုတ် ၂၆

အီရတ်နိုင်ငံမြောက်ဖျားပိုင်း ကယ်ကွတ်မြို့တွင် မကြာမီက တာ့ခ်မင် ၁၀ ဦး သေဆုံးမှုနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုနှင့် အီရတ်မျိုးချစ် ကာဒစ္စတန်သမဂ္ဂ (ပီယူကေ)တို့အား အပြစ်တင်လိုက်ကြောင်း တူရကီသတင်းစာ ဟာရီယက်(လွတ်မြောက်ခြင်း)က ရေးသားဖော်ပြလိုက်သည်။

သတိပေးထား

ဖော်ပြပါ ပြဿနာနှင့်စပ်လျဉ်း၍ မိမိတို့ ရေဆုံးရေဖျားအထိ အနီးကပ်လေ့လာနေကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်းသည့် နောက်ဆုံးဖြစ်ထွန်းမှု ဆိုင်ရာသတင်းများကို နိုင်ငံခြားရေးဝန်ကြီးဌာနက လက်ခံရရှိလျက်နေကြောင်း ဝန်ကြီးချုပ်အာဒိုဂန်က စနေနေ့တွင် ပြောကြားသည်။ ဖော်ပြပါကိစ္စကို အီရတ်နိုင်ငံရှိ အမေရိကန်အရပ်သား အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာကို သတိပေးထားကြောင်းဖြင့် နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာဂါးက ပြောကြားသည်။

မစေလွှတ်ရန်အဆိုပြု

တူရကီ ဝန်ကြီးချုပ်ဟောင်းနှင့် ဒီမိုကရက်တစ် လက်ဝဲပါတီခေါင်းဆောင် ဘူလင့်အက်စီဗစ်က အခင်းဖြစ်ပွားရာဒေသသို့ တပ်သားများမစေလွှတ်ရန် အဆိုပြုသည်။

ကယ်ကွတ်မြို့တွင် ကာ့ဒ်လူမျိုးစုနှင့် တာ့ခ်မင်လူမျိုးစုငယ်များ နက်နက်ရှိုင်းရှိုင်း တင်းမာမှုရှိခဲ့ပြီး တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ နှစ်ဦးနှစ်ဖက်မှ ဒါဇင်ချီ၍ လူများသေဆုံးခဲ့သည်။ သတ်ဖြတ်သူများကို ရှာဖွေဖော်ထုတ်ရန် တူရကီနိုင်ငံက အီရတ်ရှိ အမေရိကန်စစ်ဘက်နှင့် ပီယူကေတို့အား တိုက်တွန်းထားပြီး ၎င်းဖြစ်ရပ်များ ဆက်လက်ဖြစ်ပွားနေပါက တူရကီနိုင်ငံအနေဖြင့် ဥပေက္ခာပြုမထားနိုင်တော့ကြောင်း သတိပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့ တစ်ဖက်သတ်ပိတ်ဆို့ အရေးယူမှုဟာ ဘယ်လိုသက်ရောက်မလဲ(၄)

အောင်မိုးစံ

လူသားတွေဖို့ အခြေခံအကျဆုံး လူ့အခွင့်အရေးစံကတော့ လူတွေရဲ့ စားဝတ်နေရေးပဲ ဖြစ်ပါတယ်။ လူတွေရဲ့ စားဝတ်နေရေးဟာ လူတွေရဲ့ အသက်ရှင်နေထိုင်ရေး၊ ဘဝရှင်သန်ဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံး ဖြစ်တယ်ဆိုတာကို ဘယ်လိုမှ ငြင်းပယ်နိုင်မယ် မဟုတ်ပါဘူး။ လူတွေရဲ့ စားဝတ်နေရေး အဆင့်အတန်း တိုးတက်လာတာနဲ့အမျှ လူတွေရဲ့ စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ တိုးတက်လာတာနဲ့အမျှသာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေလည်း တိုးတက်လာမယ် ဖြစ်ပါတယ်။ နိုင်ငံရေး လွတ်လပ်မှု ဘယ်လောက်ပင်ရှိပါစေ၊ လူ့အဖွဲ့အစည်းတစ်ရပ်ဟာ စားဝတ်နေရေး ကျပ်တည်းခေါင်းပါးနေမယ်ဆိုရင် (လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ ဘဝမျိုး ရောက်နေမယ်ဆိုရင်) ဘယ်လိုမှ လူ့အခွင့်အရေးရှိတယ်လို့ ဆိုနိုင်မယ် မဟုတ်ဘူး။ အချို့က လွတ်လပ်မှုရှိမှ စားဝတ်နေရေးအတွက် ပြောနိုင်၊ ဆိုနိုင်၊ ထုတ်လုပ်နိုင်မယ်လို့ဆိုပါတယ်။ တစ်စုံတစ်ခုအထိ မှန်ကောင်း မှန်နိုင်ပေမယ့် ဒီလွတ်လပ်မှုဟာ လူတွေရဲ့ စီးပွားရေး ကုန်ထုတ်ကုန်သွယ်ခွင့် လွတ်လပ်မှုသာ ဖြစ်ရမယ်။ စီးပွားရေးလွတ်လပ်မှုသာ ဦးစွာဖြစ်ရမယ်။ ဒီကနေ့ ကမ္ဘာမှာ စီးပွားရေးလွတ်လပ်မှုကို ဦးစားပေးရှေ့တန်းတင် ထူထောင်နေတဲ့ တရုတ်ပြည်ကြီးရဲ့ တည်ငြိမ်အေးချမ်းစွာ ပြောင်းလဲတိုးတက်နေမှုက ကိုယ်ထင်ပြနေပါတယ်။

အာရှစက်မှုထွန်းသစ်စနိုင်ငံများလည်း စီးပွားရေးလွတ်လပ်မှုကို အခြေခံ အကြောင်းပြု ထူထောင်လာခဲ့တဲ့အတွက် နိုင်ငံရေးလွတ်လပ်မှုတွေပါ ထက်ကြပ်မကွာ လိုက်ပါပြောင်းလဲ တိုးတက်လာတယ်။ ကျောက်ခေတ် လူသားကနေပြီး ဒီကနေ့ နှောင်းခေတ် အီလက်ထရွန်နစ် နည်းပညာခေတ် လူသားအထိ လူ့သမိုင်းဟာ စီးပွားရေးလွတ်လပ်မှုကို အကြောင်းပြုပြီး ပြောင်းလဲတိုးတက်လာခဲ့တာ ဖြစ်ပါတယ်။ တစ်ပါတည်းမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေလည်း အနှေးနဲ့အမြန် လိုက်ပါပြောင်းလဲတိုးတက်လာခဲ့ပါတယ်။ စီးပွားရေး လွတ်လပ်မှုနဲ့ စီးပွားရေး တိုးတက်မှုမရှိရင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေလည်း ဒီကနေ့လို ပြောင်းလဲတိုးတက်လာမယ်မဟုတ်ပါ။ လူတွေရဲ့ စားဝတ်နေရေး၊ ကုန်ထုတ်လုပ်ရေး တိုးတက်လာအောင် ကြိုးပမ်းမှုဟာ အခြေခံကျတဲ့ လူ့အခွင့်အရေး ကြိုးပမ်းမှုဖြစ်ပါတယ်။ ဒီအပေါ် အခြေခံပြီးသာ အခြားအခွင့်အရေးတွေလည်း ပြည့်စုံလာနိုင်မယ် ဖြစ်ပါတယ်။

ဒီကနေ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ကိုလိုနီစနစ်ဆိုးအောက်က ဒဏ်ရာဒဏ်ချက်များနဲ့ လွတ်မြောက်လာတဲ့ နိုင်ငံတွေအပေါ် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းအပါနိုင်ငံများက အကူအညီ ဖြတ်တောက်မှု၊ စီးပွားရေးပိတ်ဆို့ အရေးယူမှု၊ အင်အားသုံး စစ်ပွဲဆင်နွှဲနေမှုတွေဟာ ပါးစပ်က လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေကို အသံကုန်အော်နေသော်လည်း လက်တွေ့မှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး ဖောက်ဖျက်နေမှုတွေသာ ဖြစ်ပါတယ်။ တစ်ဖက်တွင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ ထူထောင်တက်လှမ်းနေတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးက လူ့အခွင့်အရေးဆိုင်ရာ သဘောထားထုတ်ပြန်ချက်ကို အခုလိုလေ့လာတွေ့ရှိရပါတယ်။

မျက်မှောက်ကမ္ဘာပေါ်တွင် ဆင်းရဲချမ်းသာအကြားမှာ ကွာဟမှုတစ်နေ့တခြား ကြီးမားလာလျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအမြောက်အမြား၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးမှုနှေးကွေးလျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေ သုံးပုံတစ်ပုံသည် ဆင်းရဲကျပ်တည်းမှုစည်းအောက်၌ နေထိုင်မြဲ နေထိုင်နေကြရသေးသည်။ ကျယ်ပြန့်သော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများဖို့ပြောရလျှင် အရေးတကြီး အလိုအပ်ဆုံး လူ့အခွင့်အရေးပြဿနာသည် အသက်ရှင်ရပ်တည်ခွင့်နှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးခွင့်တို့ပင် ဖြစ်မြဲဖြစ်နေသေးသည်။ ထို့ကြောင့် ဖွံ့ဖြိုးခွင့်ကို ဦးစားပေးအလေးထားသင့်သည်။ တရုတ်ပြည်သည် နိုင်ငံတကာအသိုင်းအဝိုင်းအား ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးခွင့် ပြဿနာကိုအလေးထားကြရန် အာရုံစိုက်ကြရန်၊ တက်ကြွထိရောက်သော စီမံချက်များကျင့်သုံး၍ ကမ္ဘာ့စီးပွားရေးစည်းစနစ်တွင်တည်ရှိနေသော တရားမျှတမှုမရှိ၊ နည်းလမ်းမကျသော အခြင်းအရာများ ပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတကာ စီးပွားရေးပတ်ဝန်းကျင်ကို တိုးတက် ကောင်းမွန်အောင် လက်တွေ့ကျကျဆောင်ရွက်ကြရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးမှုကို ကန့်သတ်ချုပ်ချယ်သော အကျိုးမရှိသည့်အကြောင်းတရားများကို ပြေလျော့စေပြီး တစ်စတစ်စ ပပျောက်သွားစေရန်၊ နိုင်ငံတကာစီးပွားရေးစည်းစနစ်သစ် ထူထောင်ကြရန် လူမျိုးရေးဝါဒ၊ ကိုလိုနီဝါဒ၊ ဗိုလ်ကျလွှမ်းမိုးရေးဝါဒ၊ တိုင်းတစ်ပါး ကျူးကျော်မှု၊ သိမ်းပိုက်မှုနှင့် စွက်ဖက်မှု စသည့်ဖွံ့ဖြိုးခွင့်ကို ထိခိုက်စေသော အကြောင်းတရားများ ပပျောက်သွားပြီး ဖွံ့ဖြိုးခွင့်ရပ်လုံးပေါ်ရေးအတွက် အကျိုးရှိသော နိုင်ငံတကာပတ်ဝန်းကျင် ဖန်တီးကြရန် ဆော်ဩသည်။

တရုတ်ပြည်သည် အပြန်အလှန်နားလည်ရေး၊ တူညီချက်များကိုရှာ၍ ခြားနားချက်များကို အသာထားရေး အခြေခံပေါ်တွင် လူ့အခွင့်အရေးနယ်ပယ် အတွင်းမှ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ဆောင်ရွက်ရန် တိုက်တွန်းသည်။ သို့ရာတွင် မည်သည့်နိုင်ငံမဆို လူ့အခွင့်အရေး ရပ်လုံးပေါ်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေး လမ်းကြောင်းတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်းနှင့် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပကတိနိုင်ငံတော် အခြေအနေတို့နှင့် ကင်းကွာ၍မရနိုင်ပါချေ။ ထို့ပြင် အချုပ်အခြာအာဏာပိုင်နိုင်ငံက ပြည်တွင်းဥပဒေပြုမှုဖြင့် လူ့အခွင့်အရေးစနစ်ကို တိကျစွာ အသိအမှတ်ပြုရန်နှင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည်။ ကုလသမဂ္ဂ(၄၅)ကြိမ်မြောက် အထွေထွေညီလာခံ ဆုံးဖြတ်ချက်တွင် ထောက်ပြထားသကဲ့သို့ပင် **နိုင်ငံတိုင်းတွင် မိမိနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစနစ်တို့ကို မိမိဘာသာ ရွေးချယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် အခွင့်အရေးရှိကြသည်။**

(၄၆)ကြိမ်မြောက် လူ့အခွင့်အရေးညီလာခံ ဆုံးဖြတ်ချက်တွင်လည်း ယဉ်ကျေးမှုအားလုံးနှင့် ပြည်သူအားလုံးအတွက် အသုံးတည့်သည့် တစ်မျိုးတည်းသော ဖွံ့ဖြိုးမှုပုံစံမျိုး မည်သို့မျှ မရှိနိုင်ဟု ထောက်ပြထားသည်။ မိမိ၏ပုံစံကို သတ်မှတ်စံအဖြစ်ထား၍ အခြားနိုင်ငံများအား ဝေဖန်အကဲဖြတ်ခြင်း၊ မိမိ၏ပုံစံကို တစ်ပါးသူအပေါ် အတင်းအဓမ္မပုံပေးခြင်းတို့သည် မသင့်လျော်ရုံသာမက လုံးဝလည်းကျင့်သုံးရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် လူ့အခွင့်အရေး နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှု၏ အဓိကရည်ရွယ်ချက်များနှင့် လှုပ်ရှားမှုများသည် နိုင်ငံတကာ လူ့အခွင့်အရေးနယ်ပယ်၏ ပုံမှန်ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ အနိုင်နိုင်ငံအကြားမှ သင့်မြတ်ရေး၊ အပြန်အလှန် နားလည်ရေး၊ အပြန်အလှန် လေးစားရေးကိုလည်းကောင်း တိုးတက်ဖြစ်ထွန်းစေရမည်ဖြစ်သည်။ အမျိုးမျိုးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်နှင့်မတူ ခြားနားသော သမိုင်းကြောင်း၊ ဘာသာရေးယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနောက်ခံရှိ နိုင်ငံများ၏ လူ့အခွင့်အရေးအပေါ် အမြင်များကို ထည့်သွင်းစဉ်းစားသင့်ကြသည်။ တူညီချက်များကိုရှာ၍ ခြားနားချက်များကို အသာထားရေး၊ အပြန်အလှန် လေးစားရေး၊ နားလည်မှု တိုးပွားရေး၊ ပူးပေါင်းဆောင်ရွက်မှု အားဖြည့်ရေး စိတ်ဓာတ်တို့ကို အရင်းခံ၍ ဆောင်ရွက်သင့်ကြသည်။

ယခုအခါ ကမ္ဘာ့အနေအထားအသစ်နှင့် အဟောင်းတို့ အလဲအလှယ်ပြုလျက်ရှိနေရာ ကမ္ဘာသည် ပို၍ပင် လှုပ်လှုပ်ရွရွ မတည်မငြိမ်ဖြစ်နေသည်။ လူ့အခွင့်အရေးကို အသုံးချ၍ တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေး စွက်ဖက်ခြင်းနှင့် အာဏာနိုင်ငံခြားရေး ကျင့်သုံးခြင်းတို့သည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ ရပ်လုံးပေါ်ရေးကို နှောင့်ယှက်ဟန့်တားလျက်ရှိသည်။ ယင်းသို့သော နိုင်ငံတကာ အခြေအနေနှင့် မျက်မှောက် ပြုရာတွင် တရုတ်ပြည်အနေနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်အတူ တရားမျှတသော၊ နည်းလမ်းတကျဖြစ်သော နိုင်ငံတကာ ဆက်ဆံမှု စည်းစနစ်သစ်တစ်ရပ် ထူထောင်ရေးအတွက်လည်းကောင်း၊ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဖြစ်ပေါ်တိုးတက်ရေး ရည်ရွယ်ချက် ထမြောက်အကောင်အထည်ပေါ်ရေးအတွက်လည်းကောင်း၊ ဆက်လက်၍ မဆုတ်မနစ် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရန် လိုလားလျက်ရှိပါသည်။

ဒါဟာ ပြည်သူ့တရုတ်ပြည်ရဲ့ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သဘောထားဖြစ်သလို နိုင်ငံတကာဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သဘောထားလည်း ဖြစ်ပါတယ်။ တစ်ဖက်တွင် စာရေးဆရာ၊ သတင်းစာဆရာ ဝီလျံဘလမ်ရဲ့ ဆိုးသွမ်းနိုင်ငံ ၂၀၀၁ စာအုပ်မှာ ၁၉၈၄ ခုမှ ၁၉၈၇ ခုနှစ်အတွင်း အမေရိကန် ပြည်ထောင်စုက ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်များကို ဆန့်ကျင်ကန့်ကွက်ခဲ့တဲ့ အကြိမ်ပေါင်း ၁၅၀ ခန့်ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒီအကြောင်းတွေကြောင့် အမေရိကန်ပြည်ထောင်စုဟာ ကုလသမဂ္ဂသို့ ထည့်ဝင်ငွေများကို ဆယ်စုနှစ်နဲ့ချီပြီး မပေးသွင်းဘဲ နေခဲ့တာဖြစ်တယ်။ ဒါကြောင့် ကုလသမဂ္ဂဟာ ၂၀၀၁ ခုနှစ် မေလတွင် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC)က အဖွဲ့ဝင် ၅၃ နိုင်ငံပါဝင်သော လူ့အခွင့်အရေးကော်မရှင် (HRC)မှ အမေရိကန်နိုင်ငံကိုအဖွဲ့အဖြစ်က ထုတ်ပယ်လိုက်တယ်။ ဒီဖြစ်ရပ်ဟာ ၁၉၄၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ကော်မရှင်တွေ ပထမဆုံးအကြိမ်ဖြစ်တယ်။ အမေရိကန်ကိုထုတ်ပယ်ဖို့ မဲခွဲရာတွင် အမေရိကန်ရဲ့ကာလကြာမြင့်စွာ အမြတ်ထုတ်ခြင်းခံရတဲ့ တတိယကမ္ဘာမှနိုင်ငံများက ဦးဆောင်လိမ့်မယ်လို့ ထင်မှတ်စရာရှိသော်လည်း လက်တွေ့မှာ အမေရိကန်ရဲ့ မဟာမိတ်နိုင်ငံများက ဦးဆောင်ပြီးမဲခွဲဆုံးဖြတ်ခဲ့တာဖြစ်တယ်။ လွတ်လပ်စွာ ကုန်သွယ်ရေးဆိုတာလည်း အမေရိကန်တို့ဆန္ဒရှိသလို လွတ်လပ်စွာလုပ်ပိုင်ခွင့်ကို ဆိုလိုခြင်းဖြစ်သည်။ လွတ်လပ်စွာကုန်သွယ်ရေးလို့ခေါ်ဆိုတဲ့ အသုံးအနှုန်းဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်အနည်းငယ်ကစပြီး ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဖြစ်လာတယ်။ အမေရိကန်ဟာ အခြားနိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးမူဝါဒကို မနှစ်သက်ရင် အိုင်အမ်အက်ဖ်၊ ဒဗလျူတီအိုတို့ကို အသုံးချပြီး ဖြိုခွဲဖျက်ဆီးတယ်။ အဲဒီလို ဖျက်ဆီးလို့ ထိရောက်မှုမရှိရင် တစ်ဖက်သတ်အရေးယူ ပိတ်ဆို့မှုများပြုလုပ်တယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀ အတွင်း အမေရိကန်ဟာ နိုင်ငံပေါင်းများစွာအပေါ် အကြိမ်ပေါင်း ၁၂၀ အထိ စီးပွားရေး အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့တယ်။ ၁၉၉၈ ခုနှစ် တစ်နှစ်တည်းမှာပင် ကမ္ဘာ့လူဦးရေရဲ့ ၅၂ ရာခိုင်နှုန်းနေထိုင်တဲ့ နိုင်ငံပေါင်း ၇၅ နိုင်ငံကို စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဒါဟာ အမေရိကန်အစိုးရများရဲ့ အပြောနဲ့အလုပ်မညီတဲ့ ကုလသမဂ္ဂကြီးရဲ့ အများဆန္ဒ ဖောက်ဖျက်မှု၊ ဒီမိုကရေစီရေးဖောက်ဖျက်မှု၊ လူ့အခွင့်အရေး ဖောက်ဖျက်မှုနဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးအပေါ် ဖောက်ကျူးနေတဲ့ လက်တွေ့လုပ်ရပ်များ ဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန် အစိုးရရဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ မြန်မာနိုင်ငံအပေါ်တင်းကျပ်စွာ တစ်ဖက်သတ်ပိတ်ဆို့ အရေးယူမှုတွေဟာ နာကြည်းမုန်းတီးရေး၊ နိုင်ငံတကာ ပဋိပက္ခကြီးထွားရေးများကို ဖြစ်ပေါ်လာစေကြပြီး နိုင်ငံတကာချစ်ကြည်ရေး၊ တည်ငြိမ်ရေး ပူးပေါင်းဆောင်ရွက်ရေးများကိုသာ ထိခိုက်စေတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။ ။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် အစည်းအဝေး (၈/၂၀၀၃)ကို အမှတ်(၅၂၉)ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

ဗဟိုအမှုဆောင် အစည်းအဝေး (၈/၂၀၀၃)သို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ တက်ရောက်ကြသည်။ ဗဟိုအမှုဆောင် အစည်းအဝေး (၈/၂၀၀၃)တွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ အစီအစဉ်အရ သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)က ဗဟိုအမှုဆောင် အစည်းအဝေး (၇/၂၀၀၃) ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ထို့နောက် ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့်ဟောပြော ဆွေးနွေးလေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေး လုပ်ငန်းအဖွဲ့၊ နိုင်ငံတကာ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်းစစ်အဖွဲ့၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များက အဖွဲ့အလိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို တင်ပြကြပြီး တက်ရောက်လာကြသည့် ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြု ဆွေးနွေးကာ အဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

သာလွန်လှပတဲ့ မနက်ဖြန် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၇

စာရေးဆရာချစ်နိုင်(စိတ်ပညာ) ၏ သာလွန်လှပတဲ့ မနက်ဖြန်စာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်တွင် ဆောင်းပါးပေါင်း ၅၃ ပုဒ်ပါရှိပြီး လုံးချင်းစာအုပ်အဖြစ် စုစည်းတင်ပြထားခြင်းဖြစ်သည်။ **(အောက်ပုံ)**

ဆောင်းပါးတိုင်းသည် ဆရာ၊ ဆရာမများ၊ မိဘနှင့် ကျောင်းသား၊ ကျောင်းသူများစသည့် လူငယ်များ၏ ဘဝတိုးတက်မှုကို အထောက်အကူပြုစေမည့် အတွေးအခေါ်များကို ရသမြောက်စွာ ဖန်တီးထားသည့် စာအုပ်ဖြစ်သည်။ အဆိုပါစာအုပ်ကို အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)နှင့် အမြို့မြို့ အနယ်နယ်ရှိ စာအုပ်အရောင်းဆိုင်များ၌ ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

အပ်ချုပ်သင်တန်းဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၇

မဏိစန္ဒာ အပ်ချုပ်သင်တန်းကို ဆရာမကြီးဒေါ်မြမြဝင်း ဦးဆောင်၍ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည်။ အပ်ချုပ်ဘာသာရပ်တို့ကို တစ်ဘာသာလျှင် ပုံဆန်း၁၀၀ ခန့်ဖြင့် တစ်ဦးချင်း စနစ်တကျ အတတ်သင်ပေးလျက်ရှိသည်။ သို့မွေးထိုး သင်တန်းကိုလည်း တာဝန်ယူသင်ကြား ပေးနေပြီး နေ့စဉ်တက်ရန် အခက်အခဲရှိသူများအတွက် အိမ်အရောက် သီးသန့်သင်တန်းကို စီစဉ်ပေးထားသည်။ အသေးစိတ်သိလိုပါက အမှတ်(၆၅) အနော်ရထာလမ်း (အနော်ရထာလမ်းနှင့်ဗိုလ်အောင်ကျော်လမ်းထောင့်)နှင့် ၁၀၄/၁၁၂ အနော်ရထာလမ်း၊(၃၈)လမ်းနှင့် (၃၇)လမ်းကြား၊ ဖုန်း-၀၉-၅၀၀-၇၆၅၀၊ ဖုန်း-၂၈၆၃၉၀နှင့် ၂၈၉၀၇၀ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရေသမင်လိုက်

အမေ့သား

ရေသမင်လိုက်ဟူသောစကားလုံးကို ယခင်က ကြားဖူးသော်လည်း အဓိပ္ပာယ်ကို ကျွန်တော်လုံးဝ မသိပါ။ စာသားလှသဖြင့်သာ မှတ်သားထားခြင်းဖြစ်ပါသည်။ ယင်း၏အဓိပ္ပာယ်ကို စာပေ၊ ဗဟုသုတ ကျွမ်းကျင်နှံ့စပ်သူ ဆရာသမားတစ်ဦးက ရှင်းပြတော့မှ လှတိုင်းမကောင်းပါလားဟု အသိတစ်ခု ထပ်မံမှတ်သားရပါသည်။

ကျွန်တော်ငယ်စဉ်က ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်ရှိ မြေနီကုန်းရပ်ကွက်တွင် နေခဲ့ရပါသည်။ ဘုံပိုင်ဖွင့်လျှင် ရေလာသည်။ ရေအိမ်ခေါင်မိုးပေါ်တွင် တင်ထားသော ဂါလန် ၄၀၀ ဆံ့ ရေတိုင်ကီကြောင့် နေ့/ညမရွေး ဘုံပိုင်ဖွင့်လျှင် ရေလာသည်။ ရေမီတာ၊ မီးမီတာခ သိပ်မကျသော်လည်း ကျွန်တော်တို့ကို အဘိုးက တစ်ပတ်လျှင် တစ်ရက် အိမ်ရှေ့ရှိ ဘုန်းကြီးကျောင်းသို့သွားကာ ရေတွင်းမှ ရေကိုင်၍ ချိုးစေပါသည်။ အတွေ့အကြုံသစ်ကို ကြိုဆိုသော်လည်း လက်ညောင်းသဖြင့် အဘိုးကို အိမ်မှာရေရှိသားနဲ့ ရေတွင်းမှာ ဘာလို့ချိုးခိုင်းတာလဲဟုမေးရာ ရေကတန်ဖိုးရှိလို့ ရေတန်ဖိုးသိအောင်လို့တဲ့။ မှတ်သားလောက်ပါသည်။

ကျွန်တော်လူပျိုပေါက်အရွယ်ရောက်တော့ အဘိုးဆုံးပြီ။ မြေနီကုန်းမှ တောင်ဥက္ကလာသို့ ပြောင်းနေရပြီ။ ဘုံပိုင်ဖွင့်လို့ ရေမလာတော့ပါ။ သောက်ရေအတွက် လမ်းထောင့်က မြူနီစီပယ်ဘုံပိုင်၊ ဘုံဆိုင်သော ဘုံပိုင်ဟု လူငယ်တွေးဖြင့် အမည်ပေးခဲ့သည်မှာလည်း မမှားဟုထင်ပါသည်။ သုံးရေအတွက် အိမ်ရှေ့ကရေတွင်း၊ ရေတွင်းမှ ရေငင်၊ ပေ ၄၀X ၆၀ မြေကွက်အတွင်း ကွေ့ပတ်ကာ အိမ်နောက်ဘက် ရေကပြင်ရှိ စဉ့်အိုးအတွင်းသို့ ခပ်ထည့်ရချိန်တွင် အဘိုးကို သတိအရဆုံး။

နွေအခါ (ဧပြီ၊ မေ)ကျပြီဆိုလျှင် နွေအပူထက် ရေအပူကို ကျွန်တော်ပိုကြောက်သည်။ မြေအောက်ရေကြောများခန်း၍ ရေတွင်းများရေခန်းပြီ။ ရေတွင်းဆယ် (ရေတွင်းအဆုံးထိ လူကဆင်းသွားပြီး ရေတွင်းထဲမှ သဲနုန်းများကို ဆယ်ယူ၊ ဘာလီပုံးထဲထည့်၊ အပေါ်ကစောင့်နေသူက ဆွဲတင်၊ ရေစိမ့်ထွက်နေသော ရေကြောသေးသေးလေးများကို စိတ်ရှည်ရှည်ထားကာ ဖွင့်ပေးခြင်းဖြင့် ရေပြန်ထွက်အောင်လုပ်ခြင်း)သော်လည်း ရေမထွက်တာများပါသည်။ နွေအခါ ရေမလာသေရွာသို့လားချင်သည်ဟု ဆိုရမလောက်ပင်။ ရက်ကွက်အဖျားရှိ ရေစက်သည် ထိုအချိန်တွင် ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်၊ ရေတစ်စည်ရဖို့ ကံကောင်းလျှင် နှစ်နာရီမှ သုံးနာရီတန်းစီစောင့်ပေရော့။ တစ်ခါတစ်ရံတွင် ညဉ့်နက်သန်းခေါင်ထိစောင့်ရသည့် အဖြစ်မျိုးလည်း ကြုံဖူးသည်။

ရေစည်လှည်းအတွက် သန်းခေါင်စာရင်း (သို့) ဆီစာအုပ် (ယခင်ခေတ်အခေါ်)ကို အာမခံပစ္စည်းအဖြစ် ထားခဲ့ရသည်ကိုလည်း ယခုခေတ်လူငယ်များ မြင်စေချင်ပါသည်။ နေပူပူ လေပူပူမှာ ချွေးတလုံးလုံးဖြင့် ရေစည်လှည်းအတွင်းမှ ရေများအဖိတ်အစဉ်မရှိ အိမ်ရောက်သည် အထိတွန်း။ ရေအိုးများအတွင်း သေသေချာချာ ထည့်ရသည်မှာလည်း လျှာထွက်မတတ်။

အဲသည်ဘဝကလွန်မြောက်၍ တပ်ထဲသို့ ရောက်ပြန်တော့လည်း ရေပြဿနာက မပြေလည်သေး။ ရှေ့တန်းစခန်းများတွင် ရေသောက်ဖို့ အရန်ရေလှောင်ထားဖို့အတွက် ရေကိုတောင်ပေါ်မှတောင်အောက်သို့ ဆင်းခပ်ရပါသည်။ အဆင်းနာရီဝက်လောက်။ အတက်ကျတော့ တစ်နာရီမှ နှစ်နာရီအထိကြာသည်။ လျှိုထဲမှ ရေထွက် (ရေစက်များ တစ်ပေါက်ချင်းကျသည်ကို တမံတုပ်ကာဆည်ဖို့ထားသည့် ရေကန်သေးသေးလေး)တွင် ရေချိုးခဲ့သမျှ ရေတို့သည် တောင်ပေါ်ရှိစခန်းသို့အရောက်တွင် ချွေးအဖြစ်သို့ပြောင်းလဲသွားလေပြီ။ ရေခိုးရေငွေ့ သံသရာသည် မှားများမှားနေပြီလားဟုပင် သံသယဝင်မိပါသည်။ ယခုဒုက္ခများတွင် ရေဆိပ်တွင် ကင်းချရသည့်ကိစ္စ၊ မိုင်းရှင်းရသော နိစ္စဒုဝများ မပါဝင်သေး။

ယင်းကဲ့သို့ အခြေစိုက်စခန်းတွင် ရေခပ်ရသောဒုက္ခထက် လှုပ်ရှားသွားလာရချိန်တွင် ရေရှာရသော ဒုက္ခမှာပို၍ကြီးပါသည်။ မြင့်မားမတ်စောက်သော တောင်တန်းကြီးများမှာ တက်၍မဆုံးနိုင်။ နေကပူ၊ ကျောပိုးအိပ်ကလေး၊ ထွက်လိုက်သောချွေးများမှာ ငယ်ထိပ်မှခြေဖဝါးထိ။ နဖူးက ချွေး ခြေမကျသည်ဆိုသော ဆိုရိုးစကားသည် ထိုအချိန်တွင် စာမဖွဲ့လောက်ပါ။ စခန်းချရန်ရောက်နေသည့် နေရာမှာ တောင်ထိပ် ရေရှိနိုင်မည်ထင်သော နေရာကို အတွေ့အကြုံအရ မျက်စိဖြင့်ရှာ။ ယေဘုယျအားဖြင့် ငှက်ပျောပင် စုစုရှိရာ လျှိုထဲတွင် ရေရှိတတ်ပါသည်။ ရေနှင့်အတူ မိုင်းလည်း ရှိတတ်သည်ဖြစ်ရာ ရေတစ်စက် အသက် တစ်ချောင်း မဖြစ်ရလေအောင် သေချာစွာ စုဖွဲ့မှာကြားပြီးမှ ရေရှာရစေပါသည်။ ကျွန်တော်တင်ပြလိုသည်မှာ ရေကို အသက်နှင့်ရင်း၍ မည်မျှလုံ့လစိုက်ထုတ် ရှာဖွေရသည်ကို သိရှိစေလိုခြင်း ဖြစ်ပါသည်။

ရေနှင့်ပတ်သက်၍ မမေ့နိုင်သော ပုံရိပ်တစ်ခုမှာ အညာ ဒေသတွင် ကျွန်တော်တွေ့ခဲ့ဖူးသော ဒေသခံများ၏ ညနေခင်း အချိန်ရေခပ်သွားကြသော၊ ရေခပ်ပြန်လာကြသော လှုပ်ရှားမှု များပင်။ ညနေခင်းဆိုသော်လည်း အညာဒေသမို့ အပူရှိန်က ပြင်းထန်ဆဲ။ ကျွန်တော်တို့ မိသားစု ပုဂံမှ ဘုရားဖူးအပြန် ရေနံချောင်းမြို့နှင့် မကွေးမြို့အကြား ရွာကလေးအတော်များများကို ကားဖြင့် ဖြတ်သန်းမောင်းနှင်ချိန်ဖြစ်ပါသည်။ ရွာဖြတ်တိုင်းဖြတ်တိုင်း ရေခပ်ဆင်းနေကြသော အုပ်စုများကို သတိပြုမိပါသည်။ သောက်ဖို့၊ သုံးဖို့ရေခပ်ကြသည်မှာ မဆန်းပါ။ သို့သော် ကျွန်တော့် မျက်စိတစ်ဆုံးထိ ရေကန်၊ ရေတွင်း၊ ရေထွက်ဟုယူဆရသော နေရာ မတွေ့ရခြင်းသည်သာ ဆန်းပါသည်။ အငြိမ်မနေစပ်စုတတ်သော ကျွန်တော့်ဘဉ်၊ သားနှင့်သမီးကို သွန်သင်လိုသော ကျွန်တော့်ဗီဇအရ ရွာတစ်ရွာအရောက်တွင် ရေခပ်ပြီး ပြန်လာကြသော အဖွဲ့တစ်ဖွဲ့ လမ်းဘေးသစ်ပင်ရိပ်တွင် အမောဖြေနားနေကြသည်ကို မြင်လိုက်ရသည်နှင့် ကျွန်တော့်ကားကို သူတို့နှင့်အနီးကပ်ရပ်ပြီး ရေထွက်ကဘယ်မှာလဲ၊ ရေဘယ်လောက်ပြည့်အောင် ခပ်ရမှာလဲ၊ ဘယ်အချိန်မှ ရေခပ်တာပြီးမှာလဲ၊ ရေခပ်တာ တော်တော်မောသလားဟု အလိုက်ကန်းဆိုးမသိသော မေးခွန်းများကို မေးကြည့်မိပါသည်။ မမျှော်လင့်သောမေးခွန်းကို မမျှော်လင့်သောအချိန်တွင် ကတ်သီးကတ်သတ်မေးသော ကျွန်တော့်ကို တော်တော် အပြောအဆိုမတတ်သောလူဟူသော အကြည့်ဖြင့်သာ ကြည့်ပြီး သွက်လက်ပုံရသော ကလေးမတစ်ယောက်က “ဝေးချက်ဖြင့် မပြောနဲ့၊ အသွားအပြန် နွားမတမ်းတစ်ကောင် သားကျလောက်ရဲ့”ဟုဆိုကာ ကျွန်တော့် အိုးရွဲ့ကို စလောင်းရွဲ့ဖြင့် ဖုံးပြသဖြင့် ဒီကလေးမ ပညာမသေးဟု လေးစားနားလည်မိပါသည်။ အဆိုပါကလေးမ၏ ပညာကိုမမီသောကျွန်တော်၏ သား (ရှစ်တန်းကျောင်းသား)က နွားမတမ်းသားကျဆိုတာ ဘာလဲဟုမေးပြန်ရာ နွားမအပျိုအိမ်ကထွက် ရေထွက်နဲ့အိမ် အသွားအပြန်ကြားမှာ နွားယောကျ်ားရ နွားကလေးမွေးတာ ပေါ့ဟု ကလေးနားလည်လွယ်မည့် ဥပမာကိုပေးပြန်တော့ ယနေ့ခေတ် ကျေးရွာလုံမပျိုများ၏ အသိဉာဏ်ပညာမသေးပုံ လူတိုင်းအတွက် ပညာရေးစဉ်ဆက်မပြတ် လေ့လာနေသော လူမှုအဖွဲ့အစည်း အဖြစ်ရောက်ရှိအောင် နိုင်ငံတော်က ဆောင်ရွက်ပေးနေမှုများကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့တွင် ရေးသားထုတ်လွှင့်နေပုံများကို ပြေးမြင်မိသည်။ စပ်ဖြဲဖြဲဖြစ်သွားသော သားကိုကြည့်ကာ တစ်အိမ်လုံးအတွက် ထမင်းချက်ဖို့၊ သောက်ဖို့ဆိုတော့ တစ်နေ့ကို ရေတစ်စည်ရဖို့ လူတစ်ယောက် လေးနာရီလောက် နေပူလေပူထဲမှာ ခပ်ရတာဟု မရှင်းပျသောအသံဖြင့် ပြောတော့ သားနှင့်သမီး၏ စာနာတတ်သော အသိဉာဏ်တွင် တစ်စုံတစ်ခု ထိုးဖောက်ဝင်ရောက်သွားပြီ၊ ကျွန်တော်ပေးလိုသော ဘဝနှင့် ယှဉ်သည့် အသိနှင့် ကိုယ်ချင်းစာနာမှုကို သားနှင့် သမီးတို့ထံသို့ သူငယ်မက သိမ်မွေ့ညင်သာစွာ မြုပ်နှံပေးလိုက်နိုင်ခဲ့ပြီဟု သားနှင့် သမီး၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်နေသော ကျွန်တော်သိလိုက်ပါသည်။ အကျိုးအကြောင်းသိချင်လို့ မေးတာပါ၊ စိတ်မရှိပါနဲ့ဟု ကျွန်တော် လေပြည်ထိုးတော့ ကလေးမက ပြောသာပြောတာပါ၊ ဒီဒုက္ခတွေ ခံစားချင်ရင်တောင် နောက်ဆိုမခံစားရတော့ပါဘူး။ အစိုးရက ဒီရွာမှာ စက် ရေတွင်းတူးပေးတော့မယ်တဲ့၊ လူကြီးတွေ စီစဉ်နေကြပြီဟု နားသန်သီး တစ်ခါခါဖြင့် ပြောပြချိန်တွင်မူ သူ့အပျော်သည် ကျွန်တော်တို့ မိသားစုကိုပါ ကူးစက်ခဲ့သည်ကို မှတ်မှတ်ထင်ထင် သတိရဆဲ။

ရေဒီယိုနှင့် ရုပ်မြင်သံကြားဖမ်းစက်များ မှိုလိုပေါက်အောင်ပေါသော ယနေ့ခေတ်တွင် ပြည်တွင်း၊ ပြည်ပသတင်းများကို အချိန်နှင့်တစ်ပြေးညီ ကျွန်တော်တို့သိနိုင်၊ ကြည့်နိုင်သည်မှာ မဆန်းပါ။ ဆန်းသည်မှာ ပြည်ပနိုင်ငံအချို့တွင် မိုးခေါင်ရေရှားခြင်း၊ သဲကန္တာရများ ပိုမိုကျယ်ပြန့်လာခြင်းများကို ရုပ်မြင်သံကြားသတင်းများတွင် တွေ့မြင်ရခြင်းများသာ ကျွန်တော်တို့အတွက် ဆန်းပါသည်။ မျက်စိတစ်ဆုံး ကျယ်ပြောလှသော သဲကန္တာရ လွင်တီးခေါင်များ၊ ဆင်အရေပြားကဲ့သို့ ပတ်ကြားအက်နေသော လယ်ယာနှင့် စိုက်ပျိုးခင်းများ၊ ယင်း လယ်ယာစိုက်ပျိုးမြေများပေါ်တွင် ညှိုးနွမ်းခြောက်သွေ့ တွန့်လိမ်ကောက်ကွေးပျက်စီးနေသော စားသုံးသီးနှံပင်များ၊ ဦးချိုကားကား နံရိုးပြိုင်းပြိုင်းကျကာ သေဆုံးနေသော ကျွဲ၊ နွား၊ တိရစ္ဆာန်များ၊ တိမ်ကောခြောက်သွေ့ကာ ပတ်ကြားအက်နေသော မြစ်ကြမ်းပြင်ကို ရရာလက်နက်များဖြင့် တူးဆွကာ ရေတွေ့နိုးနိုးဖြင့် ရှာဖွေနေသော အပူရုပ်နှင့် လူလုပ် နေရသူများစသည့် ပြကွက်များကိုတွေ့လျှင် စိတ်အဆင်းရဲဆုံးဖြစ်ပါသည်။ ရေ၊ မြေ၊ လေ၊ မီးဓာတ်ကြီးလေးပါးဖြင့် စုဖွဲ့ထားသောလောကကြီးတွင် ရေမရှိလျှင် ကျွန်တော်တို့ လူသားများ ဆက်လက်ရှင်သန်ဖို့အရေးမှာ တွေးပင်မတွေးရဲ။ ထိုပြကွက်များလာလျှင် သားနှင့် သမီးကို မြန်မြန်ခေါ်ပြောပြ၊ ရှင်းပြရသည်။ ရေသည် လူသားများအတွက် မည်မျှအရေးကြီးသည်ကို သာသနာ၏ အစောင့်အရှောက်ကို ခံယူရရှိထားသော၊ သဘာဝတရား၏ မျက်နှာသာပေးမှုကို ခံယူရရှိထားသော မိုးမခေါင်၊ ရေမပြတ်၊ ရေမငတ်သော မြန်မာနိုင်ငံဖွား သားနှင့်သမီးတို့ကို သိစေရပါသည်။

ရေနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများ မည်မျှဒုက္ခရောက်ရသည်။ မည်မျှကြိုတင်မြော်တွေးထားသည်ကို စာတွေ့တွေ့ထားရသော ကျွန်တော်သည် ငါတွေ့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်မှတွေ့ပါသည်။ လူဦးရေသန်းထောင်ချီနေသော တရုတ်ပြည်တွင် နောင်လာနောက်သားများအတွက် အမြော်အမြင်ကြီးစွာဖြင့် ပညာပေးထားသည်ကို ဟိုင်နန်ကျွန်းသို့ တာဝန်ဖြင့် တစ်ခေါက်ရောက်ခဲ့စဉ် မှတ်မှတ်သားသား တွေ့ခဲ့ရခြင်းပင်။ ဟိုင်နန်ကျွန်းမှ တည်းခိုရာဟိုတယ်တွင် ရသမျှစာအုပ်များ ရှာဖတ်ပြီးစဉ်ဖြစ်ပါသည်။ စာအုပ်များဖတ်၍ကုန်တော့ ရေချိုးရန်ပြင်သည်။ အဝတ်အစားများလည်း လျှော်ဖွတ်ရန် လောင်ဒရီဆားဗစ်ပေးမည်ဟု စဉ်းစားကာ ခုတင်ခြေရင်းမှ အဝတ်ဟောင်းထည့်ပေးရမည့် အိတ်ကိုယူသည်။ အိတ်ထဲမှာခုလုခုလုရှိ၍ အိတ်ကိုဖွင့်ကြည့်သည်။ စာရွက်တစ်ရွက် ထွက်လာသည်။ ထုံးစံအတိုင်း အဝတ်အစားဘယ်နှထည်၊ ဘယ်လိုလျှော်၊ မီးပူတိုက်စသည်ဖြင့် မိမိဆန္ဒရှိသမျှကို ဖြည့်ချအော်ဒါပေးရန် စာရွက်ဖြစ်ပါ သည်။ ဤဆားဗစ်(ဝန်ဆောင်မှု)မှာ မထူးခြားသော်လည်း စာရွက်ထိပ်တွင် မင်သားထူထူဖြင့် မြင်သာအောင် ရေးထားသော စာသားမှာ ထူးခြားနေ၍ ဖတ်ဖြစ်သည်။ (မြန်မာပြန်) အဝတ်လျှော်ဆပ်ပြာမှုန့်အရည်များ မြေကြီးထဲသို့ စီးဝင်သွားလျှင် မြေကြီးအတွင်း သဘာဝချဉ်ဖန်ဓာတ်များ ပျက်စီး ခြင်း၊ ရေအရင်းအမြစ်များ ပျက်စီးခြင်း၊ ရေကောင်းရေသန့်ရရန် ခက်ခဲခြင်းများ ဖြစ်မည်တဲ့။ သင့်နောင်လာနောက်သားများအတွက် အမွေအဖြစ် ရေကောင်း၊ မြေကောင်းများကို ချန်ထားပေးခဲ့ပါတဲ့။ တစ်ကိုယ်ကောင်းမဆန်ပါနဲ့တဲ့။ မလိုအပ်ဘဲ အဝတ်မလျှော်ပါနဲ့တဲ့။ မှတ်ကရော့။ လက်ငင်း ကျွန်တော့်ထံမှရမည့် အဝတ်လျှော်ခကိုမမက်။ နောင်လာမည့် မျိုးဆက်သစ်များအတွက် ရေမရှိမှာ တွေးပူတတ်သော သူများကို ကျွန်တော် လေးစားမဆုံး။ ယင်းစာကိုဖတ်ပြီး ကုတ်အကျႌ၊ ဘောင်းဘီတို့ကို ရေမွှေးဆွတ်ကာ ချိတ်တွင် ပြန်ချိတ်ထားလိုက်သည်။ အဝတ်လျှော်ခပေးရမည့် ပိုက်ဆံဖြင့် မျိုးဆက်သစ် သားနှင့်သမီးအတွက် ရေမဝယ်ဖြစ်သော်လည်း ချောကလက်ဝယ်ဖြစ်သည်။ ကျေးဇူးတင်ပါတယ် ဆရာ။

ထိုကဲ့သို့သော ငါတွေ့များအပြင် သောက်ရေအတွက် စင်ကာပူနိုင်ငံသည် မည်မျှပူပင်နေရသည်။ အိမ်နီးချင်း မလေးရှားနိုင်ငံသို့ ငွေပေး၍ဝယ်သည့်တိုင် အဆင်ပြေအောင် တော်တော်ညှိနေ၊ စကားပြောနေရသည်ကိုလည်း စာရှုသူများ သိကြပါလိမ့်မည်။ အချို့နိုင်ငံများတွင် ရေပြဿနာ အလွန်ဆိုးလာလျှင် ရေဆိုး(အလွန့် အလွန်ညစ်ပတ်သော ရေဟုသာ ရှင်းပြလိုပါသည်)ကိုပင် ပြန်လည်သန့်စင်ကာ သောက်သုံးရေ အဖြစ်သုံးရန် စီစဉ်ထားသည်ကိုလည်း သိသူတွေသိပါလိမ့်မည်။ (ရေးရင်းပင်အော်ဂလီဆန်ပါသည်) သည့်အပြင် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ခန့်က နိုင်ငံခြားသတင်းတစ်ခုတွင် တွေ့လိုက်ရသော သတင်းကလည်း အသက်ရှူကျပ်စရာ ဖြစ်သည်။ ခရစ်သက္ကရာဇ် ၂၀၅၀ တွင် လူဦးရေ ၇၅ ဘီလျံသည် ရေရှားပါးသောဒဏ်ကို ခံရမည်ဟု တွေ့ဆုံဆွေးနွေးခန်းအသွင်ဖြင့် ဆွေးနွေးထုတ်လွှင့်သွားသည်ကို ကြည့်လိုက်ရပါသည်။ ကျွန်တော် တော်တော်ကြောက်သွားပါသည်။ ဖြေးဖြေးချင်း အသက်ရှူကာ မိမိအသက်ကို ပြန်တွက်ကြည့်မှ စိတ်အေးရသည်။ အဲဒီနှစ်တွင် ကျွန်တော်ရော ကျွန်တော့်ဇနီးပါ အသက်မရှိနိုင်။ တော်ပါသေးရဲ့ဟု တွေးဖြေနိုင်သော်လည်း အဲသည့်အချိန်ထိ ရှိနေနိုင်သည့် သားတို့သမီးတို့အတွက် စိတ်ပူသဖြင့် ယင်းတို့ကို ခေါ်ပြ၊ ရှင်းပြရပြန်သည်။ သည်မျှကျွန်တော် ရှည်ရှည်ဝေးဝေးရေးနေရသည်မှာ ရေကို ရေးပဝေသဏီကတည်းကပင် ပေါပေါများများ အလျှံပယ်သုံးလာကြသော၊ ငွေကို ရေလိုသုံးပြမည်ဟု ကြုံးဝါးလေ့ရှိသော ကျွန်တော်တို့ မြန်မာနိုင်ငံသားများ သတိမမူ မြူမမြင်သူများကို နောင်လာနောက်သားများအတွက် ရေကောင်းရေသန့်များ ထားခဲ့ကြပါရန် (ဟိုင်နန်ကျွန်း အဆိုအရ) တစ်ကိုယ်ကောင်း မဆန်ကြရန် မေတ္တာရပ်ခံ တင်ပြနေခြင်းသာ ဖြစ်ပါသည်။

အထက်ပါအတိုင်း ကျွန်တော်ရေးပြနေ၍လည်း အလွန်အမင်း ကြောက်စရာမလိုပါ။ ပြည်ပမှ ပညာရှင်များက တွေးပူသည်။ ကျွန်တော်ကဲ့သို့ တွေးသာပူတတ်သော ကျွန်တော်တို့ကဲ့သို့သူများအတွက် ကျွန်တော်တို့နိုင်ငံအကြီးအကဲများက အမြော်အမြင်ကြီးစွာ ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ မြို့ကြီးပြကြီးများအတွက် ရေအရင်းအမြစ်များ စီစဉ်ထားပြီးသား။ ဥပမာ နိုင်ငံတော်အနှံ့အပြားတွင် တည်ဆောက်ထားသောဆည်၊ တာတမံအစုအဖွဲ့များမှာ စိုက်ပျိုးရေသာမက သောက်သုံးရန်အတွက်ပါ စဉ်းစား စီစဉ်ထားပါသည်။ (ငမိုးရိပ်၊ ဂျိုးဖြူကဲ့သို့သော ကန်ကြီး၊ ဆည်ကြီးများ) ထို့အပြင် မြေအောက်ရေ အသုံးချရေး စီမံချက်များရေးဆွဲပြီးသား။ ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး မှုကြီးငါးရပ်ချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်နေသည်များ၊ အလှူရှင်များ၏ ဒါနနှင့်နိုင်ငံတော်၏ပံ့ပိုးမှုတို့ ပူးပေါင်းပြီး ရေရှားပါးသော ဒေသများတွင် ရေတွင်းများတူးပေးနေသည့် သတင်းများမှလည်း နေ့စဉ်အမျှကြားနေရသည်မဟုတ်ပါလား။ ကဲ-ယုတ်ဆွအဆုံး သည်ရေတွေမရတော့ရော၊ လက်တွေ့အကောင်အထည်ဖော်နေသော၊ အောင်မြင်နေသော၊ မြစ်ရေတင်စီမံကိန်းများမှ ရေများသည်ပင် ရေချိုမဟုတ်ပါလော။ ရေဆိုးများကို ပြန်လည်သန့်စင်ကာ သောက်ရမည့် ဘဝများထက်တော့ အပုံကြီးသာသလေ့ပင်။

အဲသည်တော့ တို့ကဘာလုပ်ရမှာလဲ၊ ဘာပူရမှာလဲဟု စာရှုသူများကဆိုငြားအံ့။

ကျွန်တော်မေတ္တာရပ်ခံလိုသည်မှာ--

နိုင်ငံတော်မှဆောင်ရွက်နေသော ရေရရှိရေးလုပ်ငန်းမှန်သမျှတွင် တတ်နိုင်သည့်နေရာမှ တတ်နိုင်သမျှ ပါဝင် ကူညီကြပါကုန်။

နိုင်ငံတော်မှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးထားသော ရေအရင်းအမြစ်များကို ပီတိပွား၊ သာမုခေါ်ကာ ရေရှည်အသုံးခံအောင် နောင်လာနောက်သားများအတွက် ကျန်အောင် စနစ်တကျ သုံးစွဲကြပါကုန်။

မိမိကိုယ်တိုင် ဘုံပိုင်ခေါင်းဖွင့်ရုံဖြင့် ရေအလျှံပယ် သုံးနိုင်ချိန်တွင် ရေတစ်အိုးအတွက် မြေအိုးရွက်ကာ သွားနေကြရသူများကို စာနာသည့်အနေဖြင့် ရေတစ်ပေါက်မျှ အလဟဿမဖြစ်ရလေအောင် စောင့်ရှောက်ကြပါကုန်။

ရေကိုငွေလိုသုံးစွဲကြပါကုန်ဟူ၍သာ--။ ။

(နောင်လာနောင်သားများအတွက် စားရေး၊ သောက်ရေး ကြိုတင်တွေးဆ စီစဉ်ဆောင်ရွက်ထားသူများသို့ ဂါရဝပြုလျက်-)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာ့သံစဉ်ချိန်ခွင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအသီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိုင်းတွဲဇာတ်ကား
၈:၅၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာ့သံစဉ်ချိန်ခွင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအသီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၇။ ရှုခင်းကြည်ပြိုးရာတေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၁၅	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ဒုတိယနှစ် (သမိုင်း) (ခ) ဒုတိယနှစ် (ဒဿနိကဗေဒ)
၅:၃၅	၁၀။ တိုင်းကျိုးပြည်ပြုဒို့ရှေးရှု
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ဂုဏ်ရည်
၆:၃၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ ရာနံ့လင် ရုပ်မြင်ဇာတ်လမ်း: နေခြည်ဆမ်းတဲ့ ချစ်ပန်းဆက်ရည် (အပိုင်း-၉)
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ ရာနံ့လင်ရုပ်မြင်ဇာတ်လမ်း: သိုင်းညီနောင် (အပိုင်း-၃)
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိုင်းတွဲဇာတ်ကား
	၂၄။ ပြီးပါပြီ။

ရှေးဟောင်းသုတေသနနှင့် သမိုင်းဝါသနာရှင်မျ
တကောင်းသည် ဒဏ္ဍာရီပုံပြင်ထဲက

☞ ဒဏ္ဍာရီနှင့် ပုံပြင်များမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ မေလ ၂၃ရက်က မကွေးတိုင်းခရီးစဉ်အတွင်း တောင်တွင်းကြီးမြို့နယ်ရှိ ဗိသနိုးမြို့ဟောင်းသို့ သွားရောက်ပြီး မြို့ဟောင်းမှ တူးဖော်တွေ့ရှိသော ရှေးဟောင်းပစ္စည်းများ၊ မြို့ဟောင်းကုန်းများရှိ အုတ်ရိုးတန်းများကိုလှည့်လည်ကြည့်ရှုပြီး လုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့သည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့ဟောင်းတူးဖော်ရေးနှင့်ပတ်သက်၍ **သာသနာဝင် ကျမ်းအထောက်အထားများအရ သော်လည်းကောင်း၊ တူးဖော်တွေ့ရှိချက်များအရ သော်လည်းကောင်း၊ ဗိသနိုးမြို့ဟောင်း၏ သက်တမ်းကို ဆက်လက် သုတေသနပြုကြရန်နှင့် ယခင်က ဒဏ္ဍာရီဆန်ဆန် ဖြစ်ပေါ်နေသည့် သမိုင်းကြောင်းများကို တူးဖော်တွေ့ရှိလာရသည့် ရှေးဟောင်းပစ္စည်း အထောက်အထားများအရ သမိုင်းသုတေသီ ပညာရှင်များနှင့် ပြန်လည်သုံးသပ်ရန် သမိုင်းကြောင်း အမှန်များအဖြစ် ခိုင်ခိုင်မာမာ သက်သေပြနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်** မှာကြားခဲ့ပေသည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ယဉ်ကျေးမှုဝန်ကြီးဌာန၊ မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့ဟောင်း၌ ရှေးဟောင်းယဉ်ကျေးမှုဇုန်သတ်မှတ်ရေး၊ ရှေးကျသော ယဉ်ကျေးမှု အထောက်အထားများ ပြန်လည်ရှာဖွေ ဖော်ထုတ်ရေးတို့အတွက် ရှေးဟောင်း သုတေသနဦးစီးဌာန (အထက်မြန်မာပြည်) မန္တလေးမှ ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင် ခေါင်းဆောင်သောအဖွဲ့သည် ဦးဝင်းမောင်(တမ္ပဝတီ)၊ စာရေးဆရာ ဦးချစ်စံဝင်းတို့နှင့်အတူ လွန်ခဲ့သော မေလ ၁၈ရက်မှစ၍ တကောင်းဒေသသို့ သွားရောက်ကွင်းဆင်း လေ့လာခဲ့ရာ တကောင်းမြို့ဟောင်း နန်းတော်ကုန်း အပေါ်မှ ပျူအမျိုးသမီး၏ အရိုးအိုး တစ်လုံးကို တွေ့ရှိခဲ့သည်။ ယင်း တွေ့ရှိမှုသည် မြန်မာ့သမိုင်းနှင့် မြန်မာ့ရှေးဟောင်းသုတေသန လုပ်ငန်းအတွက် အလွန်အရေးကြီးသော တွေ့ရှိမှု တစ်ရပ်ဟုသိရပေရာ ယင်းတွေ့ရှိမှုတွင် ကိုယ်တိုင်တွေ့ရှိ တူးဖော်၊ ကိုယ်တိုင်စစ်ဆေး အတည်ပြုခဲ့ကြသော ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်၊ စာရေးဆရာ ဦးချစ်စံဝင်းတို့နှင့် ကြေးမုံသတင်းအဖွဲ့ သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

ကြေးမုံ။ ။ ဦးလှကြီးမောင်မောင်ခင်ဗျား၊ တကောင်းဟာ မြန်မာတို့နှင့်ပတ်သက်ပြီး အရေးကြီးပုံကို ရှင်းလင်းပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဦးလှကြီးမောင်မောင်။ ။ ဒီလိုပါ ရှေးမြန်မာရာဇဝင်ကျမ်း အဆူဆူမှာ မြန်မာနိုင်ငံရဲ့ ရှေးအစအမွန်ဟာ တကောင်းလို့ အစဉ်အလာအားဖြင့် ရေးဆို မှတ်သားခဲ့ကြပါတယ်။ **မြန်မာအစ တကောင်းက၊ ပြောကြစဉ်အလာ၊ သာကီနွယ်ရင်း ဝင်ရောက်ခြင်း၊ မင်းအဘိရာဇာ**ဆိုတဲ့ သံပေါက်ဟာ မြန်မာတို့ရဲ့ အသည်းနှလုံးမှာ စွဲထင်နေတဲ့ သံပေါက်ဖြစ်ပါတယ်။ တကောင်းနဲ့ ပတ်သက်လာရင် မောင်ပေါက်ကျိုင်း၊ မောင်တင့်တယ်၊ ပျူစောထီး၊ ကံရာဇာကြီး၊ ကံရာဇာငယ်၊ မဟာသမ္ဘဝ၊ စူဠာသမ္ဘဝဆိုတဲ့ နာမည်တွေဟာ မြန်မာတို့နဲ့ ရင်းနှီးနေတဲ့ အမည်များ ဖြစ်ပါတယ်။ ဒါပေမယ့် နယ်ချဲ့သမားတွေဟာ မြန်မာ့သမိုင်း၊ မြန်မာ့ရာဇဝင်ကို ကိုလိုနီစိတ်ဓာတ်၊ ကိုလိုနီအမြင်နဲ့ ပြန်လည်ရေးသားရာမှာ တကောင်းဆိုတာ ဒဏ္ဍာရီ၊ ပုံပြင်များသာဖြစ်တယ်ဆိုပြီး မြန်မာ့သမိုင်းကို ၁၁ရာစု အနော်ရထာမင်းလက်ထက်ကမှ စတင်ရေးသားရမယ်။ ဒါမှလည်း မှန်တယ်ဆိုပြီး မြန်မာ့သမိုင်း ဦးခေါင်းကို ဖြတ်တောက်ပစ်ခဲ့ပါတယ်။ ဒါဟာ မြန်မာတို့ရဲ့ ဇာတိသွေး၊ ဇာတိမာန်ကို ချိုးနှိမ်ပစ်တာဖြစ်ပါတယ်။ အင်္ဂလိပ်တို့က တကောင်းအကြောင်းဟာ ရှေးဦး မြန်မာရာဇဝင် ကျမ်းတစ်စောင်ဖြစ်တဲ့ ရှင်မဟာသီလဝံသရေးတဲ့ ရာဇဝင်ကျော်မှာ မပါလို့ပယ်တယ်လို့ ဆိုခဲ့ပါတယ်။ တကယ်တော့ ရဟန်းပညာရှိ၊ မြန်မာပညာရှိ၊ ပုဏ္ဏားပညာရှိများ စုပေါင်းရေးသားတဲ့ မှန်နန်းရာဇဝင်တော်ကြီးမှာ တကောင်းမင်းဆက်များနှင့်တကွ တကောင်းရာဇဝင် အပြည့်အစုံရေးထားတာကို ဒါတွေဟာ ဒဏ္ဍာရီပုံပြင်တွေဆိုပြီး ပယ်တယ်လို့ ဆိုခဲ့ပါတယ်။ မှန်နန်းမှာပါတဲ့ တကောင်းရာဇဝင်ကို ပယ်တာနဲ့ ပတ်သက်လို့ ကိုလိုနီ သမိုင်းဆရာတွေ အကြောင်းပြတာက အေဒီ-၁၈၂၄-၁၈၂၆ မှာ မြန်မာတို့ အင်္ဂလိပ်ကို ပထမအကြိမ် စစ်ရှုံးခဲ့တဲ့ အတွက် ရန္တပိုစာချုပ်ကို ချုပ်ခဲ့ရပြီး ရခိုင်နဲ့ တနင်္သာရီကို ပေးခဲ့ရတယ်။ စစ်စရိတ် တစ်ကုဋေလည်း ပေးခဲ့ရတယ်။ ဒါကြောင့် မြန်မာတွေဟာ မိမိတို့စစ်ရှုံးလို့ ဇာတိသွေးဇာတိမာန်

ကျခဲ့ရတာကို အဖတ်ဆယ်တဲ့အနေနဲ့ ၁၈၂၉ခုနှစ်မှာ မှန်နန်းရာဇဝင်ကို ပြန်ရေးရာမှာ တကောင်းအကြောင်း၊ အဘိရာဇာအကြောင်း မြန်မာတို့ဟာ ဗုဒ္ဓမြတ်စွာဘုရားနဲ့ အမျိုးတော်တဲ့ သာကီဝင်မင်းမျိုးဆိုတဲ့ အကြောင်းကို တမင်လီဆယ်ပြီးရေးခဲ့တာလို့ အင်္ဂလိပ် သမိုင်းရေးဆရာတို့က စွပ်စွဲခဲ့ကြပါတယ်။

ကြေးမုံ။ ။ အဲဒီ စွပ်စွဲချက်နဲ့ ပတ်သက်ပြီး အမှန်တရားက ဘယ်လိုရှိတယ်ဆိုတာ ရှင်းပြပါဦး ဆရာဦးချစ်စံဝင်းခင်ဗျာ။

ဦးချစ်စံဝင်း။ ။ ဒီစွပ်စွဲချက်ဟာ မှားပါတယ်။ ရာဇဝင်ကျော်မှာ တကောင်းအကြောင်းမပါဘူးဆိုတာလဲ မဟုတ်ပါဘူး။ ရာဇဝင်ကျော်ကို အေဒီ-၁၅၂၀မှာ အရှင်မဟာသီလဝံသရေးတာပါ။ ဒီကျမ်းဟာ ကျမ်းဦးဖြစ်ပေမယ့် အလွန်သေးငယ်တဲ့ ရာဇဝင်ကျမ်းတစ်ဆူ ဖြစ်ပါတယ်။



ပျူအမျိုးသမီး အရိုးအိုးထဲမှ တွေ့ရှိရသော ကြေးချူလက်စွပ် သံကွင်း၊ မြေပုတီး၊ ပယင်းပုတီးနှင့် ရွှေဖာလိပ်တို့ကို တွေ့ရစဉ်

ဓာတ်ပုံမှတ်တမ်း- သွင်အေး(ကြေးမုံ)

ပျူအမျိုးသမီး အရိုးအိုးနှင့် အနီးတွင်တွေ့ရှိရသော ရေတကောင်းမှ ပျူဒင်္ဂါးများတွင် တွေ့ရလေ့ရှိသော နေထွက်ပုံ အမှတ်အသား။

ဓာတ်ပုံမှတ်တမ်း- သွင်အေး(ကြေးမုံ)

မြန်မာသမိုင်းတစ်ခုလုံးအကြောင်းကို စာဖြစ်မြောက်အောင် အပြီးရေးသားခဲ့လို့ တကောင်းအကြောင်း အပြည့်အစုံ မပါနိုင်ပါဘူး။ ဒါပေမယ့် ရာဇဝင်ကျော် စာမျက်နှာ ၁၄၃ 'သီဟိုဠ်-မြန်မာမင်းပြိုင်စာ'မှာ သီဟိုဠ်မှာ ဝိဇယမင်းသား မင်းလုပ်နေချိန်မှာ တကောင်းမှာ မဟာသာတိုးစစ်မင်း မင်းလုပ်နေတဲ့အကြောင်း၊ ပဏ္ဍုဝါသုဒေဝမင်းနဲ့ အဘယမင်းတို့ သီဟိုဠ်မှာ မင်းပြုနေချိန်မှာ မြန်မာနိုင်ငံမှာ မဟာသမ္ဘဝ၊ စူဠသမ္ဘဝ၊ ဓဇါရီတို့ မင်းပြုနေတဲ့ အကြောင်းပါရှိပါတယ်။ ကိုလိုနီ သမိုင်းရေးဆရာတွေဟာ တကောင်းကို ဒဏ္ဍာရီထဲ ပို့ခဲ့သလောက် ပါဘူး။ မြန်မာ့ရာဇဝင်ကို အထင်သေး အမြင်သေးဖြစ်အောင် ပြန်ရေးခဲ့သူတွေဖြစ်ပါတယ်။ ဥပမာ ဆာအာသာ ဖယ်ရာဟာ ၁၈၈၃ခုနှစ်မှာ မြန်မာ ရာဇဝင်ကိုရေးရာမှာ တိုင်းရင်းသား

အချင်းချင်း သွေးကွဲအောင်ရေးခဲ့ပါတယ်။ ရန်ကုန်ကောလိပ်သိပ္ပံကျောင်းက ပါမောက္ခဂျီမ်း(စ်)ဂရေးဟာ အလောင်းဘုရားမင်းဆက် ကုန်းဘောင်မဟာရာဇဝင်ကို ပြန်ရေးရာမှာ ကုန်းဘောင်မင်းဆက် ၁၃ပါး စလုံး အကောင်းတစ်ခုမှ မပါဘဲ ရေးခဲ့တဲ့အကြောင်း ဆရာဇေယျက ၁၉၅၂ခုနှစ်က ထုတ်ဝေတဲ့ မြဝတီ မဂ္ဂဇင်းအတွဲ ၁၊အမှတ်၂-မှာ အကျယ်တဝင့် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပါတယ်။ အင်္ဂလိပ်လူမျိုး ပညာမင်းကြီး ကုတ်ဟာလည်း မြန်မာရာဇဝင်ကို အဆိုးမြင်ပြီးရေးခဲ့ပါတယ်။ ကုတ်ရာဇဝင်ကို ကျောင်းသုံးပြဋ္ဌာန်းဖို့ ကြိုးစားရာမှာ မြန်မာတို့က ငုံ့မခံလို့ အထမမြောက်ခဲ့ပါဘူး။ ဒါ့ပြင် စတီးဝပ်နဲ့ ဟာဗေးတို့ဟာလည်း သူတို့ ဥရောပတိုက်သားတွေကို အထင်ကြီး စေရန်နဲ့ မြန်မာတို့ဟာ မိမိရာဇဝင်ကို မိမိတို့ဖတ်ပြီး မိမိတို့ကိုယ် မိမိတို့ အထင်သေးလာစေအောင် ရေးခဲ့တဲ့သူတွေဖြစ်ပါတယ်။ အမှန်တရားက တကောင်းရာဇဝင်ဟာ ဦးကုလားထဲမှာရော၊ တွင်းသင်းရာဇဝင်သစ်မှာရော ပါခဲ့တာအမှန်ဖြစ်ပေမယ့် ကိုလိုနီ ရာဇဝင်ဆရာတို့က တကောင်း အဘိရာဇာကို ကြောက်ရွံ့ပြီး ဒဏ္ဍာရီထဲ ပို့ခဲ့တာဖြစ်ပါတယ်ခင်ဗျာ။

ကြေးမုံ။ ။ တကောင်း အဘိရာဇာကို ကြောက်ရွံ့ပြီးဆိုတဲ့ ကိစ္စကို ဦးလှကြီးမောင်မောင် ဆက်ရှင်းပြစေလိုပါတယ်ခင်ဗျာ။

ဦးလှကြီးမောင်မောင်။ ။ နယ်ချဲ့တွေဟာ မြန်မာတို့ရဲ့ ဇာတိသွေး ဇာတိမာန်ကို ရရင်ရသလို အမျိုးမျိုးသောနည်းလမ်းတွေနဲ့ ချိုးနှိမ်ခဲ့ပါတယ်။

ဥပမာ-ရွှေဘိုမှာဆိုရင် အလောင်းမင်းတရားကြီးရဲ့ နန်းတော်ရာနေရာမှာ အမျိုးသမီးအကျဉ်းထောင် ဆောက်ခဲ့ပါတယ်။ ပဲခူးမှာဆိုရင် ဘုရင့်နောင်မင်းတရားကြီးရဲ့ အောင်မြေနေရာမှာ ဆေးရုံ၊ ရင်ခွဲရုံဆောက်ဖို့ ကြိုးစားရာမှာ ပဲခူးသူ၊ ပဲခူးသားတွေက လက်ဦးမှုယူပြီး ကြေးသွန်းဘုရားကြီး ကိုတည်ခဲ့လို့သူတို့အကြံ အထမမြောက်ခဲ့ပါဘူး။ မန္တလေးမှာဆိုရင်လည်း မြန်မာတို့ရဲ့ အထွတ်အမြတ် ကျုံးမြို့ရိုးကြီးကို တမင် ငွေကြေးအကုန်အကျခံပြီး မီးရထားလမ်းဖောက်ပြီး ဖျက်ဆီးခဲ့တာတွေဟာ မြန်မာတို့ရဲ့ ဇာတိမာန်ကို ဟာလာဟင်းလင်း အပေါက်အယွင်းဖြစ်အောင် တမင်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲပြီးတော့ တိုင်းရင်းသား လူမျိုးအသီးသီးဟာ ဒေသအရပ်ရပ်ကနေ ထကြွပုန်ကန်ခဲ့ပါတယ်။ အဲဒီလို ထကြွပုန်ကန်မှုကို အင်္ဂလိပ်တို့ဟာ ၁၅နှစ်လောက် နှိမ်နင်းယူရပါတယ်။ ဒီလိုနှိမ်နင်းလို့ အသားကျတော့မယ့် အချိန်မှာ မြန်မာတို့ဟာ **သခင်မျိုးဟေ့ ဒို့ဗမာ၊ သာကီမျိုးဟေ့ ဒို့ဗမာ**လို့ ကြွေးကြော်ပြီး နယ်ချဲ့ကို ဆက်လက်တိုက်ပွဲဝင်တဲ့အခါ နယ်ချဲ့တို့ရဲ့ ကိုလိုနီအုပ်ချုပ်ရေး လှုပ်ခါလာတဲ့ အခါမှာ သခင်မျိုး၊ သာကီဝင်မျိုး၊ အဘိရာဇာ၊ တကောင်းအစရှိတဲ့ စကားတွေကို နယ်ချဲ့တို့ မကြားဝံ့မနာသာဖြစ်လာပြီး တကောင်းကို မြန်မာရာဇဝင်ထဲက ဖျောက်ဖို့ကြိုးစားရုံသာမက **မြန်မာအစ ကျောက်ဆည်က** လို့တောင် ပြောင်းပြီးပြောဆိုခဲ့ကြပါတယ်။

ကြေးမုံ။ ။ **မြန်မာအစ ကျောက်ဆည်က** ဆိုတာ ဘာကိုဆိုလိုတာပါလဲခင်ဗျာ။

ဦးချစ်စံဝင်း။ ။ဒါကိုလည်းကျွန်တော်တို့ စာအုပ်စာတမ်းရေးပြီး ချေပပြီးဖြစ်ပါတယ်။ **မြန်မာအစ တကောင်းက** ဆိုရင် မြန်မာတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၀၀ကျော်လောက်ကတည်းက မြန်မာနိုင်ငံထဲမှာရှိပြီး အခြား တိုင်းရင်းသားပြည်သူတွေနဲ့ အတူအေးအတူပူအမျှ နေထိုင်ခဲ့ကြတယ်လို့ အဓိပ္ပာယ်ရပါတယ်။ မြန်မာအစ ကျောက်ဆည်ကဆိုတဲ့ အဓိပ္ပာယ်ကတော့ မြန်မာတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း၈၀၀လောက်ကမှ နောက်ဆုံးရှမ်းပြည်နယ်ကိုဖြတ်ပြီး နတ်ထိပ်တောင်ကြားကနေ မြန်မာပြည်ထဲကို ဝင်လာတာလို့ အဓိပ္ပာယ်ရပါတယ်။ ဒီတော့မြန်မာတွေလည်း အနှစ် ၈၀၀လောက်ကမှဝင်လာကြတာ၊ နယ်ချဲ့တွေကလည်း လွန်ခဲ့တဲ့အနှစ် ၂၀၀က ဝင်လာကြသူတွေဆိုတော့ မြန်မာတွေဝင်လာတာ တရားတယ်ဆိုရင် သူတို့ကျူးကျော် ဝင်ရောက်မှုဟာလည်း တရားတယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်သွားပါတယ်။ ဒါကြောင့် မြန်မာတွေဟာ မြန်မာအစ ကျောက်ဆည်က မဟုတ်ကြောင်း မြန်မာပညာရှိ ဆရာကြီး ဦးဖိုးလတ်ကစပြီး ဦးဆောင်တိုက်ဖျက်ခဲ့ပါတယ်။ ဒါ့ကလည်း ကျောက်ဆည် မြစ်သားလွင်ပြင်မှာ မိုင်းမော(ပင်လယ်) ပျူမြို့ဟောင်းကြီးကို တွေ့ခဲ့ပြီးတဲ့နောက်ပိုင်း ဒီအဆိုဟာ လုံး၀ ပျက်ပြယ်ခဲ့ပြီး ဖြစ်ပါတယ်။



တကောင်းမြို့ လယ် ဈေးထိပ်ရှိ နန်းတော်ရာနေရာ မှ တွေ့ရှိရသော ပျူ အမျိုးသမီး အရိုးအိုး၊

ဓာတ်ပုံမှတ်တမ်း- သွင်အေး(ကြေးမုံ)

ဒါပေမယ့် တကောင်းကို ဒဏ္ဍာရီပုံပြင်ထဲကနေ ရာဇဝင်သမိုင်းထဲ ပြန်လည်သွင်းဖို့ ကျွန်တော်တို့မှာ တာဝန်ရှိနေပါတယ်။

ကြေးမုံ ။ ။ တကောင်းနှင့် ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်မှုများနဲ့ပတ်သက်လို့ ဦးလှကြီးမောင်မောင် ဆက်လက်ရှင်းပြစေလိုပါတယ်ခင်ဗျာ။

ဦးလှကြီးမောင်မောင်။ ။တကောင်းမြို့ကြီး တကယ်ရှိခဲ့တယ်ဆိုတာကို ပထမဆုံး စတင်ပြောကြားခဲ့တဲ့သူကတော့ ၁၈၉၄ခုနှစ်က တကောင်းကို

တကောင်းမြို့ဟောင်း နန်းတော်ရာ ကုန်းမှ ပျူအမျိုးသမီး အရိုးအိုးကို တူးဖော်ပြီးစတွင် တွေ့ရှိရပုံ။

ဓာတ်ပုံမှတ်တမ်း- သွင်အေး(ကြေးမုံ)

ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိခဲ့တဲ့ အိန္ဒိယကျောက်စာဝန်ဟောင်း ဂျာမန်လူမျိုး ဒေါက်တာဖူးရားဖြစ်ပါတယ်။ ဒေါက်တာဖူးရားက သူ တကောင်းကို ရောက်စဉ် အေဒီ ၄၁ဖနှင့် အေဒီ ဖ၁၀ရက်စွဲထိုးထားတဲ့ ကျောက်စာများကို တကောင်းနှင့်ပုဂံ ဂူဆိပ်ဘုရားပရိဝုဏ်ထဲမှာတွေ့ခဲ့တယ်။ ကျောက်စာအရ ဗုဒ္ဓဝါဒ လွှမ်းမိုးသော ဤဟတ္ထိနပူရ (တကောင်း) မြို့ကြီး၏ မြောက်မြားစွာသော အပျက်အစီးများသည် ဤတကောင်းတောနက်ကြီးအတွင်း၌ နစ်မြုပ်နေမည်မှာ အမှန်ဖြစ်သည်။ တူးဖော်ကြည့်ပါက မချိမဒေသသားတို့ရဲ့ ဗိသုကာလက်ရာများကို တွေ့ရှိရမှာအမှန်လို့ ရေးသားပြီး အထက်မြန်မာပြည် ဂေဇက်တီးယား အပိုင်း-၁၊ အတွဲ-၂ စာမျက်နှာ

၁၉၃၃မှာ ဖော်ပြခဲ့ပါတယ်။ အဲ
ဖူးရားရေးတဲ့ ပုဂံဆိုတာ တကေ
ရှိတဲ့ တကောင်းပုဂံကို ဆိုလိုတ
တယ်။ ဒါပေမယ့် ကံဆိုး
အဲဒီဖူးရားရဲ့ ရေးသားချက်ကို
ပြည် ကျောက်စာဝန် ဒူရွိုင်
ဒေါက်တာဖူးရားရဲ့ ရေးသား
စိတ်ကူးကောင်းကောင်းနဲ့
ရေးတာသာဖြစ်တယ်။ ယင်း
ကျောက်စာဆိုသည်မှာ လ
တစ်ကြိမ်တည်းနှင့် ပယ်သည
မျှမက အင်္ဂလိပ် ကိုလိုနီသမိ
တို့က ဖူးရားကို အရူးကြီးဟု
ကြပါတယ်။ သို့သော်လည်း
များဟာ တကောင်းကို
အခြေအနေမှာပဲရှိနေပါစေ
ဒဏ္ဍာရီထဲ မပို့နိုင်ပဲရှိခဲ့ကြပ
ဒါကြောင့် မြန်မာရှေးဟော
ရှင်များနှင့် သမိုင်းသုတေသီ
တကောင်းကို မျက်ခြ
လေ့လာခဲ့ကြပါတယ်။ တကေ
ပထမဦးဆုံး ရောက်ခဲ့သူ
ကျောက်စာဝန်ဟောင်း
တော်စိန်ခိုဖြစ်ပါတယ်။ သူဟာ
ခုနှစ်မှာ အတော့်ကိုခက်ခက်
တစ်တန်၊ ကုန်းတစ်တန်နဲ့ တ
ကို ရောက်ခဲ့ရတာဖြစ်ပါတ
၁၉၂၃ခုနှစ်နဲ့ ၁၉၃၀ပြည့်
မှာတော့ ကျောက်စာဝန်
တကောင်းကို နှစ်ကြိမ်
ရောက်ခဲ့ပါတယ်။ အဲဒီ
အတွင်း ၁၉၁၆ခုနှစ်မှာ တကေ
နေ အနော်ရထာ အုတ်ခွက်
တွေ့ရှိခဲ့ရလို့ ဒီအုတ်ခွက်
နယ်ချဲ့တွေဟာ ဖယ်ရာပြ
ယူပြီးပြခဲ့ပါတယ်။ ဒီလို ပြ
ကတော့ တကောင်းဟာ အ
ခေတ်ထက် မစောကြောင်း
အနေနဲ့ သယ်ယူပြသခဲ့တ
တယ်။ ဒီနောက်မှာတော့ ၁၉
နှစ် မြန်မာပညာရှိ ဦးဖိုးလ
တကောင်းကို ရောက်ခဲ့ပ
တကောင်းသာမက ဆ
ဦးဖိုးလတ်ဟာ ခက်သင်၊
ကြည်ပဲ ထီးချိုင်၊ ရွှေကူ
ဆောင်ချမ်းစော် ဒေသမ
ရောက်ခဲ့ပါတယ်။ ၁၉၆၇ ခု
ကျွန်တော်တို့ တကောင်းကို
နန မတူးဖော်နိုင်ခဲ့ဘူး။
၆၈နဲ့ ၁၉၆၈-၆၉ဘဏ္ဍာရေး
ကို ရောက်မှ ပထမဆုံးတကော
နှစ်ကြိမ်ဆက်တိုက် တူးခဲ့
ပထမအကြိမ်တူးစဉ်က သု
ဝန်ထောက် ဦးစိန်မောင်ဦးက
ဒုတိယအကြိမ်ကတော့ ဦး
တို့ တူးခဲ့တာဖြစ်ပါတယ်။ ဒီ
တကောင်းမှာ အနော်ရထ





းဝါသနာရှင်များ ကြိုးပမ်းမှုကြောင့် ပုံပြင်ထဲက ထွက်ရှိလာခဲ့ပြီ

၁၉၃၃မှာ ဖော်ပြခဲ့ပါတယ်။ ဒေါက်တာ ဖူးရားရေးတဲ့ ပုဂံဆိုတာ တကောင်းမှာ ရှိတဲ့ တကောင်းပုဂံကို ဆိုလိုတာဖြစ်ပါတယ်။ ဒါပေမယ့် ကံဆိုးတာက အဲဒီဖူးရားရဲ့ ရေးသားချက်ကို မြန်မာပြည် ကျောက်စာဝန် ဒူရွိုင်ဇယ်က ဒေါက်တာဖူးရားရဲ့ ရေးသားချက်ဟာ စိတ်ကူးကောင်းကောင်းနဲ့ လီဆယ်ရေးတာသာဖြစ်တယ်။ ယင်းသက္ကတ ကျောက်စာဆိုသည်မှာ လုံးဝမရှိ။ တစ်ကြိမ်တည်းနှင့် ပယ်သည်ဟုဆိုရုံမျှမက အင်္ဂလိပ် ကိုလိုနီသမိုင်းဆရာ

တို့က ဖူးရားကို အရူးကြီးဟုပင်ဆိုခဲ့ကြပါတယ်။ သို့သော်လည်းပဲ မြန်မာများဟာ တကောင်းကို ဘယ်လို အခြေအနေမှာပဲရှိနေပါစေ ပုံပြင်ထဲ၊ ဒဏ္ဍာရီထဲ မပို့နိုင်ပဲရှိခဲ့ကြပါတယ်။ ဒါကြောင့် မြန်မာရှေးဟောင်းပညာရှင်များနှင့် သမိုင်းသုတေသီများဟာ တကောင်းကို မျက်ခြည်မပျက် လေ့လာခဲ့ကြပါတယ်။ တကောင်းကို ပထမဦးဆုံး ရောက်ခဲ့သူကတော့ ကျောက်စာဝန်ဟောင်း မစ္စတာတော်စိန်ခိုဖြစ်ပါတယ်။ သူဟာ ၁၉၀၄ ခုနှစ်မှာ အတော့်ကိုခက်ခက်ခဲခဲ လှေတစ်တန်၊ ကုန်းတစ်တန်နဲ့ တကောင်းကို ရောက်ခဲ့ရတာဖြစ်ပါတယ်။

၁၉၂၃ခုနှစ်နဲ့ ၁၉၃၀ပြည့်နှစ်များမှာတော့ ကျောက်စာဝန် ဦးမြဟာ တကောင်းကို နှစ်ကြိမ်တိုင်တိုင် ရောက်ခဲ့ပါတယ်။ အဲဒီ အတော အတွင်း ၁၉၁၆ခုနှစ်မှာ တကောင်းကနေ အနော်ရထာ အုတ်ခွက်များကို တွေ့ရှိခဲ့ရလို့ ဒီအုတ်ခွက်တွေကို နယ်ချဲ့တွေဟာ ဖယ်ရာပြတိုက်မှာ ယူပြီးပြခဲ့ပါတယ်။ ဒီလို ပြသခဲ့တာကတော့ တကောင်းဟာ အနော်ရထာ ခေတ်ထက် မစောကြောင်း သက်သေအနေနဲ့ သယ်ယူပြသခဲ့တာဖြစ်ပါတယ်။ ဒီနောက်မှာတော့ ၁၉၆၀ပြည့်နှစ် မြန်မာပညာရှိ ဦးဖိုးလတ်ဟာ တကောင်းကို ရောက်ခဲ့ပါတယ်။ တကောင်းသာမက ဆရာကြီး ဦးဖိုးလတ်ဟာ ခက်သင်၊ မလည်၊ ကြံညှပ်၊ ထီးချိုင့်၊ ရွှေကူ၊ ကောင်းတုံနဲ့ ငဆောင်ချမ်းစတဲ့ ဒေသများအထိ ရောက်ခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်အထိ ကျွန်တော်တို့ တကောင်းကို ကျကျနန မတူးဖော်နိုင်ခဲ့ပါဘူး။ ၁၉၆၇-၆၈နဲ့ ၁၉၆၈-၆၉ဘဏ္ဍာရေးနှစ်များကို ရောက်မှ ပထမဆုံးတကောင်းကို နှစ်ကြိမ်ဆက်တိုက် တူးခဲ့ပါတယ်။ ပထမအကြိမ်တူးစဉ်က သုတေသနဝန်ထောက် ဦးစိန်မောင်ဦးက တူးခဲ့ပြီး၊ ဒုတိယအကြိမ်ကတော့ ဦးသန်းဆွေတို့ တူးခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် တကောင်းမှာ အနော်ရထာထက်

စောတဲ့ အထောက်အထား မတွေ့ခဲ့ရပါဘူး။ ဒါပေမယ့် အားမလျှော့သေးဘဲ ၁၉၉၃၊ ၁၉၉၄၊ ၁၉၉၇ နဲ့ ၁၉၉၈ ခုနှစ်တွေမှာ တကောင်းကိုခြောက်ကြိမ် အချိုကြီးတူးခဲ့ပေမယ့် တကောင်းက ပျူခေတ်ဆိုင်ရာ အထောက်အထား များ မတွေ့ခဲ့ရပါဘူး။ ဒါ့ပြင် တကောင်းကို စမ်းသပ်တူးဖော်ကွက်များအဖြစ် ၁၆ကြိမ်လောက်ပဲ ဒီကြားထဲမှာ တူးခဲ့ကြလို့ အနှစ်တစ်ရာအတွင်း အကြီးအကျယ် ခြောက်ကြိမ်နဲ့ စမ်းသပ်တူးဖော်မှု ၁၆ကြိမ် စုစုပေါင်း ၂၂ကြိမ်မျှ တူးဖော်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒီလိုတူးဖော်ရာမှာ ပျူအထောက်အထား မတွေ့ဘူးလို့တော့ မဟုတ်ပါဘူး။ တွေ့တော့ တွေ့တယ်။ ဒါပေမယ့် တွေ့တာတွေက ဟိုလူ့ဘုရားစင်ပေါ်မှာတွေ့ရ၊ဒီလူ့ ထံမှာ စုဆောင်းထားတာတွေ့ရတာဆိုတော့ သူတို့ကိုအတည်ယူပြီး အခိုင်အမာပြောလို့ မရတာနဲ့ ကြိမ်းသေလက်သေ အထောက်အထား မပြနိုင်ခဲ့ပါဘူး။ အဲဒီလို တူးဖော်ခဲ့တဲ့အတွက် ကျွန်တော်တို့ မြို့ရိုးသုံးခုကိုတော့ တူးဖော်လို့ ရခဲ့ပါတယ်။ ဒါတွေကတော့ တကောင်းက ငါးကြင်းမြီးပုံ၊ ပထမမြို့ရိုး၊ ဒုတိယတကောင်းပုဂံ အပိုင်းက ဒုတိယမြို့ရိုးနဲ့ အကျယ်ဆုံး မြို့ရိုးကတော့ တတိယမြို့ရိုးတို့ ဖြစ်ပါတယ်။

ကြေးမုံ။ ။ တကောင်းမြို့ဟောင်း ရာပုံတော်နှင့်ပက်သက်ပြီး ဆက်လက်ဆောင်ရွက်မှုများနဲ့ ပတ်သက်ပြီး ဆရာချစ်စံဝင်းက ရှင်းလင်းပြောပြပါဦးခင်ဗျာ။

ဟာ အနှစ်တစ်ရာကျော် တကောင်းကို အကြိမ်နှစ်ဆယ်ကျော် တူးခဲ့ရာမှ အနော်ရထာထက်စောပြီး အထောက်အထားတစ်စုံတစ်ရာ မရရှိခဲ့တဲ့အတွက် တကောင်းမြို့ပေါ်တင်မက တကောင်းပတ်ဝန်းကျင်ကို ဖြန့်ကြက်စိတ်ဝင်စားဖို့ တကောင်းပတ်ဝန်းကျင်ကို စနည်းနာကြည့်ဖို့ အကြံရလာကြပါတယ်။ ဒါကြောင့် ဆရာကြီးတို့ဟာ သပိတ်ကျင်း၊ တကောင်း၊ ဆင်ညှပ်ကုန်း၊ တုံငယ်၊ ဝဲကြီး၊ ပုတီးဖြူ၊ ကြံညှပ်၊ မလည်စတဲ့ ဒေသတွေကိုပါ လေ့လာရေးခရီးသွားတဲ့ အခါမှာ ပျူခေတ်ဆိုင်ရာ မြေပေါ်အထောက်အထားပစ္စည်းများကို တွေ့ခဲ့ရတော့ မျိုးချစ် မြန်မာသုတေသီတွေဟာ တကောင်းနဲ့ ပတ်သက်ပြီး ပိုမိုအားတက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ လူငယ်သုတေသီတစ်ဦးဖြစ်တဲ့ ဦးမင်းဟန်ဟာ ဆင်ညှပ်ကုန်း ဦးတင်ဝင်းရဲ့ ယာတဲကနေ မြေမီးဖုတ်ပစ္စည်းအချို့ တွေ့ရှိခဲ့ရာက အဲဒီကုန်းကို ရှေးဟောင်းသုတေသနက ဆက်လက်တူးဖော်တဲ့အခါမှာ ဒီကုန်းမှာပျူခေတ်ဆိုင်ရာ အဆောက်အအုံ၊ ပန္နက်နဲ့ ပျူနဲ့ပတ်သက်တဲ့ ပစ္စည်းတွေကို တွေ့ရတဲ့အတွက် ၂၀၀၁ခု မတ်လ ၅ရက်နေ့မှာ တကောင်းပတ်ဝန်းကျင်ကနေ ၁၁ရာစုနှစ်ထက် စောတဲ့ အထောက်အထားတွေ တွေ့ရှိခဲ့ရပြီဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနကနေ ကြေညာပေးခဲ့ပါတယ်။ ဒီကြေညာမှုဟာ မြန်မာ့သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသီများကို တအားတက်စေခဲ့ပါတယ်။

ကြေးမုံ။ ။ ဒီတွေ့ရှိမှုများနဲ့ ပတ်သက်ပြီး ဦးလှကြီးမောင်မောင်က ဆက်လက်ရှင်းပြပေးပါဦးခင်ဗျာ။

ဦးလှကြီးမောင်မောင်။ ။ မြေပေါ် အထောက်အထားတွေနဲ့ ဆင်ညှပ်ကုန်း ဦးတင်ဝင်းယာထဲမှ တွေ့ရတဲ့ အဆောက်အအုံနေရာ တွေ့ရှိချက်များဟာ ကျွန်တော်တို့ကို အင်အား

နှစ်ချောင်းအပြင် တစ်လက်မခန့် အချင်းရှိတဲ့ စပလိန်လို လေးဆက်ပါ သံလက်စွပ်တစ်ကွင်းရရှိမှုပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဆင်ညှပ်ကုန်းက အခြား တွေ့ရှိမှုများကတော့ ပျူအမျိုးသမီးကြီးတစ်ဦးရဲ့ အရိုးအိုး တစ်လုံးနဲ့ အခြား ပျူအရိုးအိုး နှစ်လုံး၊ လုပတဲ့ ရေတကောင်းနှစ်လုံးတို့ ဖြစ်ပါတယ်။ ဒါတွေဟာ အနော်ရထာ ခေတ် ၁၁ရာစုထက်စောကြောင်း၊ တကောင်းဟာ ဒဏ္ဍာရီ ပုံပြင် မဟုတ်ကြောင်း အလွန်ခိုင်မာတဲ့ သက်သေ အထောက်အထားတွေပါပဲ၊ တကောင်းက (၁)ပျူလက်စင်းရာ အုတ်တွေ တွေ့တယ်၊ (၂)အခုလို ပျူအရိုးအိုးတွေ တွေ့တာ၊ (၃)ဖူးရာရဲ့ ကျောက်စာ တွေ့ရှိမှုဆိုတဲ့ ခိုင်မာတဲ့ အထောက်အထားများ ရှိနေတာ၊ (၄) ဆင်ညှပ်ကုန်းရွာက ဦးတင်ဝင်းကုန်းက အိန္ဒိယဆန်တဲ့ အခြားပျူမြို့ဟောင်းတွေမှာလည်း တွေ့ရတဲ့ ပန္နက်ပုံနဲ့ အမိုးအုတ်ပြားများတွေ့တာ၊ (၅)သလင်းကျောက်ရောင်စုံပုတီး၊ မြေမီးဖုတ်ပုတီး၊ တိရစ္ဆာန်အရိုးများနဲ့ ပြုလုပ်ထားတဲ့ ပုတီးမျိုးစုံတွေ့တာနဲ့ (၆) အစဉ်အလာ မြန်မာ ရှေးကျမ်းကြီးကျမ်းငယ်တွေထဲမှာ တကောင်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ ပါရှိမှုဟာ တကောင်းမြို့ပြ နိုင်ငံတော်ကြီး တကယ်ရှိခဲ့တယ်ဆိုတာ အခိုင်အမာ ပြဆိုနိုင်တဲ့ အထောက်အထားတွေလို့ ဆိုရမှာဖြစ်ပါတယ်ခင်ဗျာ။

ကြေးမုံ ။ ။ တကောင်းဈေးထိပ်မြို့လယ်ကောင် နန်းတော်ကုန်းပေါ်မှာ တွေ့ခဲ့တဲ့ ပျူအမျိုးသမီးအရိုးအိုးနှင့် ပတ်သက်ပြီး အရေးကြီးပုံတို့ကို ပြောပြပါဦး ဦးချစ်စံဝင်းခင်ဗျား။

ဦးချစ်စံဝင်း။ ။ အတိုင်းအတာနဲ့ တွေ့ရှိမှု ပစ္စည်းတွေအကြောင်း သတင်းစာထဲမှာ ပါရှိပြီးဖြစ်လို့ မပြောတော့ပါဘူး။ တွေ့ရတဲ့ နေရာ အတိအကျကိုပြောရရင်တော့ ဒီ ပျူအမျိုးသမီးရဲ့ အရိုးအိုးကို မြောက်

တကောင်းဟာ ဗန်းချင်းနဲ့ ခေတ်ပြိုင် ဘီစီ ၃ ရာစုလောက်ကလို့ ဆက်စပ်ခန့်မှန်းလို့လည်း ရပါတယ်။ ဒီ အမျိုးသမီးဟာ ဓနအင်အားပြည့်စုံတဲ့ အနွယ်ထဲက ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးခဲ့ရတဲ့ အမျိုးသမီးတစ်ဦးလို့လည်း ခန့်မှန်းလို့ရပါတယ်။ ဒီလိုခြုံမျိုးများကို ဗိဿနိုး၊ ဟန်လင်းနဲ့ သရေခေတ္တရာမြို့ဟောင်း တွေမှာလည်း တွေ့ခဲ့ရပါတယ်။ ခြုံပြီးပြောရရင် ဗြိတိသျှ ကိုလိုနီသမိုင်းရေး ဆရာတွေဟာ မြန်မာ့သမိုင်းကို ၁၁ ရာစုကမှစခဲ့တယ်။ တကောင်းဟာ ဒဏ္ဍာရီ ပုံပြင်သာဖြစ်တယ် ဆိုတဲ့ အချက်တွေဟာ မှားတယ်၊ တကောင်းဟာ ရှေးဟောင်းသုတေသနနဲ့ သမိုင်းဝါသနာရှင်တွေ လေ့လာသူတွေ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့် ဒဏ္ဍာရီပုံပြင်ထဲက ထွက်ရှိလာခဲ့ပြီး ကိုလိုနီသမိုင်းရေးဆရာတို့က မှန်နန်းရာဇဝင်ဆရာများကို မမှန်မကန်ရေးခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေဟာ မမှန်ဘူး၊ ကိုလိုနီသမိုင်းရေးဆရာတွေသာ မြန်မာ့သမိုင်းကို လီဆယ်ရေးထားတာ ဆိုတဲ့ အချက်တွေကို ဖော်ထုတ်နိုင်ခဲ့ပြီလို့ တင်ပြလိုတာပဲဖြစ်ပါတယ်ခင်ဗျာ။

ကြေးမုံ။ ။တခြားဘာများ ပြောဆိုရန်ရှိပါသေးသလဲ ဦးလှကြီးမောင်မောင်ခင်ဗျာ။

ဦးလှကြီးမောင်မောင်။ ။ အတော်ပြည့်စုံပြီလို့ယူဆပါတယ်။တကောင်းနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ ပြောစရာတွေ အများကြီး ကျန်ပါသေးတယ်လို့ဆိုရမှာပါပဲ။ အခုလို လာရောက်မေးမြန်းတဲ့အတွက် ကြေးမုံသတင်းအဖွဲ့ကို အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သည့် **မြန်မာအစ တကောင်းက** သမိုင်းကြောင်းကို စိတ်ရှည်စွာ သမိုင်းအထောက်အထားများနှင့်တကွ စေ့စေ့စပ်စပ် အလေးအနက်ထား ရှင်းလင်းပြောကြားပေးသော ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာန၊ အထက်မြန်မာပြည် (မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်နှင့် စာရေးဆရာ ဦးချစ်စံဝင်း တွေ့ဆုံမေးမြန်းရာတွင် နေရာထိုင်ခင်း စီစဉ်ခွင့်ပြုပေးသော စာရေးဆရာမကြီး လမင်းအိမ်တို့ကို ကြေးမုံသတင်းအဖွဲ့က ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားပြီး ည စနာရီ ကျော်ပြီဖြစ်၍ ဓာတ်ပုံတာဝန်နှင့် သတင်းတာဝန် လုပ်ငန်းများ ပြန်လည်ထမ်းဆောင်ရမည် ဖြစ်သဖြင့် လာခဲ့သည့်လမ်းအတိုင်း ကြေးမုံသတင်းစာတိုက်သို့ ပြန်လာခဲ့ကြသည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း စောင့်ရှောက်ရေး လုပ်ငန်းများတွင် တစ်ခုပါဝင်သည့် ရှေးမြန်မာဘုရင်များ၏ နန်းတော်နှင့် မြို့ရိုးများ တူးဖော်ခြင်းလုပ်ငန်းကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သမိုင်းပညာရှင်များ၊ သုတေသီများအနေဖြင့် မိမိတို့ကျရာတာဝန်ကို အမျိုးသားရေး စိတ်ဓာတ်၊ အမျိုးသားရေးအမြင်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆက်လက်အားထည့်ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။ **(ကြေးမုံ)**

တကောင်း ပတ်ဝန်းကျင်မှ တွေ့ရှိရသော ကျောက်လက်နက် အမျိုးမျိုး။

ဓာတ်ပုံမှတ်တမ်း-
သွင်အေး(ကြေးမုံ)

ဦးချစ်စံဝင်း။ ။ တကယ်တော့ တကောင်းဟာ သမိုင်းဆိုင်ရာကိစ္စ၊ ရာဇဝင်ဆိုင်ရာကိစ္စ၊ ရှေးဟောင်းသုတေသနဆိုင်ရာကိစ္စမျှ မဟုတ်ဘဲ တစ်မျိုးသားလုံးနဲ့ ဆိုင်တဲ့ကိစ္စမို့ ကျွန်တော်တို့လည်း စိတ်ဝင်စားခဲ့ကြတာပါ။ တကောင်းကို စိတ်ဝင်စားဖို့ တစ်နိုင်ငံလုံးကို ပထမဆုံးလှုံ့ဆော်ပေးတဲ့သူကတော့ ဆရာကြီးဦးဖိုးလတ်ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကို လှုံ့ဆော်ပေးခဲ့တဲ့သူက ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ဖြစ်ပါတယ်။ ဆရာကြီးဦးမောင်မောင်တင်နဲ့ ဦးဝင်းမောင်(တမ္ပဝတီ)တို့

တွေ ဖြစ်စေခဲ့တာ အမှန်ပါပဲ၊ တကောင်းကိုလေ့လာဖို့ အဲသလို စိတ်အားထက်သန်နေရာက အခု ၂၀၀၃ခုနှစ် မေလ ၁၈ရက်နေ့က ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် အဖွဲ့ဟာ တကောင်း ဆင်ညှပ်ကုန်းကို ရောက်ရှိခဲ့တဲ့အခါမှာ ဆင်ညှပ်ကုန်းကနေ မိသားစုအကြီးအကဲတစ်ဦးရဲ့ အရိုးအိုးလို့ ယူဆရတဲ့ ပျူအရိုးအိုးတစ်ခုကို ဆင်ညှပ်ကုန်းရွာ ပေါ်တော်မူကုန်းအနီးက တွေ့ရှိခဲ့ပါတယ်။ အိုးဟာ အမြင့်၁၂လက်မ၊ အကျယ်ဆုံးနေရာရဲ့ အချင်းက ၁၀ ဒသမ ၂၅ လက်မရှိပြီး အိုးနှုတ်ခမ်းက ခုနစ်လက်မရှိပါတယ်။ အိုးရဲ့ထူးခြားချက်က အိုးလည်ပင်းမှာ နွားလားဥသဘ အကောင်၂၀ပုံပါရှိပြီး အိုးအတွင်းက ၁၁လက်မခွဲနှင့် ကိုးလက်မ အရွယ်ရှိတဲ့ သံမှိန်း

လတ္တီတွဒ် ၂၃ ဒီဂရီ ၃၀ မိနစ် ၁၆ ဒသမ ၈ စက္ကန့်နဲ့ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ ဒသမ ၁ စက္ကန့်အကြား ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၈ ပေ တကောင်းမြို့ဟောင်း ဈေးထိပ် တည့်တည့် လူသွားလူလာ အလွန်များတဲ့ နေရာမှာ တွေ့ရတာဖြစ်ပါတယ်။ ဒီနေရာဟာ လွန်ခဲ့တဲ့ အနှစ်တစ်ရာအတွင်း အကြိမ်များစွာ သဲသဲမဲမဲ တူးခဲ့ပြီးဖြစ်တဲ့ မြို့လယ်ကောင်ကနေ အမှတ်မထင်တွေ့ခဲ့တာဟာ ထူးခြားမှုတစ်ခုပါ။ နောက်တစ်ခုက အရိုးအိုးထဲမှာပါရှိတဲ့ ခရုပတ်ဒီဇိုင်းပါ ကြေးခြူ ငါးလုံးနဲ့ လက်စွပ်ငါးကွင်း ဖြစ်ပါတယ်။ ဒီလို ကြေးခြူများကို ထိုင်းနိုင်ငံမှာလည်း ဗန်းချင်းယဉ်ကျေးမှု နေရာမှာ တွေ့ခဲ့ရပါတယ်။ အခု ကျွန်တော်တို့တွေ့တဲ့ ပုတီးမျိုးတွေကိုလည်း ဗန်းချင်းမှာ တွေ့ခဲ့ရလို့

☐ **ရှေ့ဖုံးမှ**

အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မိသားစုဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒုတိယဗိုလ်မှူးကြီးဇာနည်ဝင်း ခေါင်းဆောင်သည့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ လေဆိပ်ခန်းမဆောင်၌ အောင်နိုင်ရေး အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်လုပ်ငန်းများ ဒုတိယဝန်ကြီးဦးဖေသန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၇

မန္တလေးမြို့တွင် ရောက်ရှိနေသော ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဩဂုတ် ၂၄ရက်တွင် သံလမ်းပြေးယာဉ်ဖြင့် စဉ့်ကိုင်ဘူတာမှ မြို့ဟောင်းဘူတာအထိ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

စစ်ဆေး

ဒုတိယဝန်ကြီးသည် ဩဂုတ် ၂၅ ရက်တွင် မြန်မာ့မီးရထားမှ တိုင်းအရာရှိများအားတွေ့ဆုံ၍ မန္တလေးဘူတာကြီး သန့်ရှင်းသပ်ရပ်မှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် မြို့ဟောင်းရှိ ဇလီဖားပေါင်းစက်ရုံနှင့် ကွန်ကရစ်ဇလီဖားစက်ရုံတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မြစ်ငယ် ကွန်ကရစ်ဇလီဖား ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ပြီး ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်မှုနှင့် ပစ္စည်းလိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာများမှာကြားဖြည့်ဆည်းပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးဘူတာကြီးသို့ ရောက်ရှိပြီး မန္တလေးဘူတာကြီး သပ်ရပ်သန့်ရှင်းရေး၊ ရထားစီး ခရီးသည်များ သက်သောင့်သက်သာ စီးနင်းနိုင်ရေးတို့အတွက် မြန်မာ့မီးရထားမှ ဌာနများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

အင်္ဂလိပ်စာအရေး သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၇

ဆရာဒွေး တီထွင်ပြုစုသည့် အခြေခံ အင်္ဂလိပ်ဝါကျများကို အဆင့်မြင့်ရေးတတ်စေသည့် နည်းသစ်စာအုပ်တွင် ဝေါဟာရ ၅၀၀ခန့်သီရုံဖြင့် အဋ္ဌမတန်းအဆင့်မှ လုပ်ငန်းခွင်ဝင်ရောက်နေသူဘွဲ့ရများအထိ ဆရာလွတ်လွယ်ကူစွာ လက်တွေ့လေ့ကျင့်နိုင်သော အရေးသင်စာအုပ်များဖြစ်ပြီး စာအုပ်အရောင်းဆိုင်များတွင် ရရှိနိုင်သည်။

ပြုစုသူကိုယ်တိုင် တစ်ပတ် နှစ်ရက်တက် ငါးလကြာမည့် အရေးသင်တန်းများကို လစဉ် ဖွင့်လှစ်လျက်ရှိရာ စက်တင်ဘာလဆန်း စနေ၊ တနင်္ဂနွေနှင့် ကြားရက်များတွင် ဖွင့်လှစ်မည့် သင်တန်းများသို့ စိတ်ပါဝင်စားသူများ ဖုန်း- ၂၈၆၈၇၁သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅ ၆။ အဆိုပြိုင်ပွဲ
၈း၁၅ ၇။ အကပဒေသာ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Let's Go.
၉း၀၀၁၀။အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Everyday Use
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ) (သင်္ချာ)
၅း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၃၀ ၇။ ၂၀၀၃ခုနှစ်၊ ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး(ဝါသနာရှင် အဆင့်) (အမျိုးသမီး)
၅း၄၀ ၈။ တေးဂီတအစီအစဉ်
၅း၁၀၁၀။ "အားဆေး" (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း) (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၅း၅၅ ၉။ မြန်မာစာမြန်မာစကား
၆း၁၅ ၁၁။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၆း၃၀ ၁၂။ ညနေခင်းသတင်း
၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၄။ Milo Success in Soccer.
၇း၁၀ ၁၅။ ကော်ဖီ(အပိုင်း-၂)
၇း၂၀ ၁၆။ တေးဂီတအစီအစဉ်
၇း၃၀ ၁၇။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ (ပဲခူးတိုင်း)
၇း၄၀ ၁၈။ နိုင်ငံ့ဖွံ့ဖြိုးပြည့်အကျိုး
၈း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **ဒသမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ) သုဝဏ္ဏသာမဇာတ်တော်ကြီး (ရန်ကုန်တိုင်း-၂)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

❍ **ရေကြောင်းပညာမှ**

Silver Wave Trading Co., Ltd. မှ ဦးမင်းမင်းအောင်တို့က မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်အတွက် ပေ၂၀ ဖိုင်ဘာရေယာဉ်ငယ်ကို ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှမြင့်ဆွေအား လွှဲပြောင်းပေးအပ်ရာ ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှု

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည်ရေယာဉ်ငယ်ကို ကြည့်ရှုစစ်ဆေးကြပြီး ရေယာဉ်ငယ် စမ်းသပ်မောင်းနှင်ပြသမှုကို ကြည့်ရှုကြသည်။

အဆိုပါ ရေယာဉ်ငယ်မှာ အရှည်ခြောက်မီတာ၊ ဗြက် ၂ ဒသမ ၃၅မီတာ၊ ရေစူး ၈၀စင်တီမီတာ စုစုပေါင်းအလေးချိန်ကီလိုဂရမ် ၂၅၀၀ နှစ်တန်ခွဲရှိပြီး အင်ဂျင်ပါဝါမြင်းကောင်ရေ ၁၉၀ ရှိသည်။ ခရီးသည် ငါးဦးမှ ခုနစ်ဦးထိ လိုက်ပါစီးနင်းနိုင်သည်။

(သတင်းစဉ်)

ရေယာဉ်ငယ်အားကြည့်ရှု

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် တာဝန်ရှိသူများ ဂျပန်-မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်းနှင့် Silver Wave Co., Ltd. တို့က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် ပူးပေါင်းတည်ဆောက်သည့် ဖိုင်ဘာရေယာဉ်ငယ်ကိုကြည့်ရှုစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး၊ ပြည်သူ့အကျိုး

✡ **အဆင့်မြင့်တန်းမှ**

ယမန်နှစ်ဘောလုံးရာသီ ကွင်းဖွင့်ဘောလုံးပြိုင်ပွဲတွင် တွေ့ဆုံစဉ်က အရှုံးအနိုင် မပေါ်ဘဲတစ်ဂိုးစီဖြစ်ခဲ့သော လယ်/ဆည်နှင့် လျှပ်စစ်စွမ်းအား အသင်းတို့သည် ယခုတစ်ကြိမ်ပြန်လည်တွေ့ဆုံရာ လယ်/ဆည်အသင်းက ဂိုးပြတ်ဖြင့်အနိုင်ယူလိုက်ပြီး သုံးမှတ်ကို ရယူနိုင်ခဲ့သည်။ လယ်/ဆည်အသင်းနှင့် လျှပ်စစ်စွမ်းအားအသင်းတို့ သုံးကြိမ်တွေ့ဆုံရာ လယ်/ဆည်အသင်း နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြစ်ထားသည်။ လယ်/ဆည်အသင်း ရှေ့တန်းမှထွေးမောင်နှင့် စည်သူမောင်တို့ရသည့်အခွင့်အရေးကို အသုံးချတတ်သည်ကတစ်ကြောင်း၊ အသင်းစုစည်းမှုအားကောင်းပြီး တစ်ဦးချင်းစိတ်ဓာတ်ပါ ကောင်းမှုကြောင့်တစ်ကြောင်း ပထမပိုင်းအတွင်း အနိုင်ဂိုးများ ဆက်တိုက်သွင်းနိုင်ခြင်းဖြစ်သည်။ လျှပ်စစ်စွမ်းအားအသင်းသည် ပြီးခဲ့သည့် ရာသီဘောလုံးပြိုင်ပွဲ ခြေမျိုးမဟုတ်ဘဲ ကစားအား ကောင်းလာပြီး ရှေ့တန်းအပြီးသတ်ဂိုးသွင်းမှုအားနည်းခြင်းကြောင့် ရှုံးရခြင်းဖြစ်သည်။

ခြေမှန်မထုတ်နိုင်

ပထမပိုင်းတွင် နှစ်သင်းစလုံး ခြေမှန်မထုတ်နိုင်ကြဘဲအမှားအယွင်းများနေခဲ့သည်။ အပေးအယူ၊ နားလည်မှုလေးတွေလွဲနေကြသည်။ သို့သော် လယ်/ဆည်အသင်းမှတိုက်စစ်မှူးများ တိုးအားရှိခြင်း၊ တန်ပြန်တိုက်စစ်ထိမိခြင်းတို့ကြောင့် ဂိုးသွင်းခွင့် အခွင့်အရေးများရရှိခဲ့သည်။ ထိုအခွင့်အရေးများကို လယ်/ဆည်တို့က အမိအရ အသုံးချနိုင်ခဲ့ရာ ငါးမိနစ်အတွင်း အနိုင်ဂိုး သုံးဂိုးရရှိသွားသည်။ ၁၅မိနစ်တွင် ပိုင်နယ်တီစည်းနားမှ ရရှိသောပြစ်ဒဏ်ဘောလုံးကို တိုက်စစ်မှူး ထွေးမောင်က အနိမ့်ဘောကန်သွင်းရာ တိုင်နှစ်တိုင်ထိပြီး ဝင်သွား၍ လယ်/ဆည်အဖွင့်ဂိုးရသည်။

ဆက်တိုက်ဆိုသလိုပင် လယ်/ဆည်အသင်းက ဖိကစားရာ နှစ်မိနစ်အကြာမှာပင် လျှပ်စစ်စွမ်းအား နောက်ခံလူများနေရာယူမှားသည်ကို အခွင့်ကောင်းယူ၍ တန်ပြန်တိုက်စစ်မှတစ်ဆင့် စည်သူမောင်က မနားတမ်းဆွဲပြေးပြီး ကန်သွင်းလိုက်၍ ဒုတိယဂိုးရရှိသွားသည်။ လယ်/ဆည် အသင်းအတွက် တတိယဂိုးကို မိနစ် ၂၀တွင် စည်သူမောင် ချပေးသော ဘောလုံးကို ထွေးမောင်ကန်သွင်းရာ လျှပ်စစ်စွမ်းအား နောက်ခံလူနှင့် ထိဝင်သွား၍ ပထမပိုင်းအပြီးတွင် လယ်/ဆည်က သုံးဂိုးပြတ်ဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် လျှပ်စစ်စွမ်းအားအသင်း ချေပဂိုးရရန် အားထည့်လာရာ ပို၍ ဖိကစားလာနိုင်သည်။ သို့သော် တိုက်စစ်ဇုန်၌ အပေးအယူမှားခြင်း ဆုံးဖြတ်ချက်မရှိခြင်း၊ လယ်/ဆည်နောက်တန်းနှင့် ဂိုးသမား မာန်မင်းထွဋ်တို့ ဖျက်အား၊ ကာကွယ်မှုအားကောင်းနေ၍ လျှပ်စစ်စွမ်းအား ချေပဂိုးမရဖြစ်နေသည်။ လယ်/ဆည်အသင်းက တန်ပြန်တိုက်စစ်ကို အားပြုကစားရာ ဂိုးသွင်းခွင့်ထပ်မံဖြစ်ပေါ်ခဲ့သော်လည်း ဂိုးသွင်းခြေပျောက်နေသည်။ လျှပ်စစ်စွမ်းအားအသင်း လယ်/ဆည်ဘက်သို့ ဒုတိယပိုင်းတစ်ချိန်လုံး ဖိကစားပြီး တိုက်စစ်ဆင်သော်လည်း လယ်/ဆည်နောက်တန်း ဖျက်အားကောင်းပြီး လယ်/ဆည်ဂိုးသမား မာန်မင်းထွဋ်က သေချာပေါက်ဂိုးသုံးလုံးကို ကာကွယ်လိုက်နိုင်၍ လျှပ်စစ်စွမ်းအားအသင်းအဖို့ နှစ်သိမ့်ဂိုးတစ်ဂိုးပင် မရလိုက်ဘဲ ပွဲအပြီးတွင် လယ်/ဆည်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။

ပွဲအပြီးတွင် လယ်/ဆည်အသင်းအား ကြေးမုံကသွားရောက် မေးမြန်းခဲ့ရာ အသင်းနည်းပြချုပ် ဦးရှမ်းဗဟာဒူးနှင့် လက်ထောက်နည်းပြ ဦးလှမြင့်တို့က ပြောကြားရာတွင် “ကျွန်တော်တို့အသင်းကို လူငယ်အများစု အခြေခံထားပြီး လူဟောင်းငါးဦးနှင့် ပြင်ဆင်ထားပါတယ်။ အသင်းကို ပြည်နယ်နှင့်တိုင်းမှာကစားဖူးတဲ့ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်တို့က ကစားသမားတွေနဲ့ ဖွဲ့စည်းထားပါတယ်။ လေ့ကျင့်ရက်ကတော့ငါးလလောက်ရှိပါတယ်။ ယခုအသင်းဟာ တိုးတက်လာပါတယ်။ ကလေးတွေဟာ စိတ်ဓာတ်ကောင်းတာရယ်၊ အသင်းစည်းလုံးညီညွတ်မှု ရှိတာကြောင့်ဌာနကလည်း အားပေးလာတာကြောင့် ယခုလိုအနိုင်ရရှိခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အသင်း အုပ်စုတက်အောင်အစွမ်းကုန်ကြိုးစားသွားပါမယ်” ဟု ကြေးမုံသို့ပြောကြားသွားသည်။

အစွမ်းကုန်ကြိုးစား

လျှပ်စစ်စွမ်းအားအသင်းကို ကြေးမုံကဆက်လက်မေးမြန်းရာတွင် အသင်းအုပ်ချုပ်သူ ဦးစောနေဗလုက “အသင်းကို ၂၀၀၂ခုနှစ် ဘောလုံးရာသီအပြီး အနားမပေးဘဲ ဆက်လက်လေ့ကျင့်ကြောင်း၊ လေ့ကျင့်ချိန်မှာ ကလေးတွေရဲ့ ကစားအားကို အားရသော်လည်း ယခုပွဲမှာ ရှုံးသွားတာကို စိတ်မကောင်းဖြစ်မိပါကြောင်း၊တစ်ပတ်ကို လေ့ကျင့်ရင်း အသင်းများခြေစမ်းကစားကြောင်း၊လယ်/ဆည်အသင်းနှင့်ပင် ခြေစမ်းကြောင်း၊ မိမိတို့က နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့ကြောင်း၊ လူဟောင်းများကို အခြေခံပြီး လူသစ်နှစ်ဦးကို ခေါ်ထားကြောင်း၊ မိမိတို့အသင်း တခြားအသင်းတွေလို လူသစ်များကို မခေါ်နိုင်ကြောင်း၊ ဒါပေမယ့် ရှိတဲ့လူ၊ ရှိတဲ့အား အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း” ကြေးမုံသို့ ပြောကြားလိုက်ပေသည်။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ

(အောင်ဆန်းကွင်း)

စီးပွား/ကူးသန်းအသင်းနှင့် မြို့တော်စည်ပင်အသင်း။

(ကြေးမုံ)

ပွဲစဉ်အလိုက်အကောင်းဆုံးဆုရ မာန်မင်းထွဋ်(လယ်/ဆည်)။

ဓာတ်ပုံ-ဗိုးညွန့်(ကြေးမုံ)

မနောရမ္မကျောင်း သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်း(ဓာတ်ဆီဆိုင်အနီး) အရှေ့ဥယျာဉ်တိုက် မနောရမ္မကျောင်း ဆရာတော်ကြီးမှူး၍ ဝါရင့်ဆရာ၊ ဆရာမကြီးများက (၁၇)ကြိမ်မြောက် ပညာဒါနအဖြစ် အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ်၊ တရုတ်၊ ကိုရီးယားနှင့် စပိန်ဘာသာစကားသင်တန်းများကို အခြေခံမှစ၍ ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားပေးမည်ဖြစ်သည်။

ထို့ပြင် ကွန်ပျူတာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းနှင့် တက်ရောက်သင်ယူလိုသူများ မနောရမ္မကျောင်းနှင့် ဖုန်း-၅၃၇၀၂၆ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမျိုးသမီးများနှင့် အားကစားဆိုင်ရာဆွေးနွေးပွဲ ကျင်းပရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

အမျိုးသမီးတစ်စုကြံ့ခိုင်ရေးမှ အမျိုးသမီးထု ကာယ၊ ဉာဏ၊ စာရိတ္တ ကျန်းမာကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ရန်နှင့် အမျိုးသမီးများ၏ယှဉ်ပြိုင်အားကစား ကမ္ဘာ့အဆင့်မီ တက်လှမ်းနိုင်ရေးအတွက် ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲ ကျင်းပရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည်။

အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပရေးညှိနှိုင်းအစည်းအဝေးတွင် အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင်ဒေါက်တာဒေါ်ခင်ဝင်းရွှေ အဖွင့်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ အမျိုးသမီးများနှင့် အားကစားဆိုင်ရာအမျိုးသားအဆင့်ဆွေးနွေးပွဲကျင်းပရေး ကော်မတီနာယကများဖြစ်ကြသည့် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စိန်ထွေး၊အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊အမျိုးသမီးများနှင့် အားကစားဆိုင်ရာအမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ကျင်းပရေးကော်မတီဝင်များ၊ အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီနှင့် လုပ်ငန်းကော်မတီဝင်များ၊ အတွင်းရေးမှူးများ၊ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဆွေးနွေးပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒေါ်နုနုရီက ဆောင်ရွက်ပြီးဆွေးနွေးပွဲအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲကျင်းပရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင်ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကျင်းပရေးကော်မတီဝင်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ (၁) ပါမောက္ခဒေါ်မြမြက ဆွေးနွေးပွဲကျင်းပမည့် အစီအစဉ်နှင့် ဆွေးနွေးပွဲရလဒ်များရရှိရန်အတွက် ကျင်းပမည့်ပုံစံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲ ကျင်းပရေး ကော်မတီနာယက၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမျိုးသားအဆင့်ဆွေးနွေးပွဲကျင်းပရေး ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားအဆင့်ဆွေးနွေးပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီက အမျိုးသားအဆင့်ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ စီစဉ်ထားရှိမှုများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သန်လျက်စွန်းရှိ ရေဆိုးသန့်စင်ရေးစက်ရုံ လုပ်ငန်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေပိုင်းက သန်လျက်စွန်းရှိ ရေဆိုးများ သန့်စင်ရေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရေဆိုးများ သန့်စင်ရေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ရာပြတ်ဌာနမှူး ဦးထွန်းသန်းထွန်းက ကြိုဆို၍ ရှင်းလင်းဆောင်ရွက် လုပ်ငန်းများ ဆောင်ရွက်နေမှုကို မြေပုံကားချပ်များ နမူနာပုံစံငယ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရေဆိုးများ သန့်စင်ရေးစက်ရုံဝင်းအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ကမ်းနားလမ်းတစ်လျှောက် ခြောက်လမ်းသွားလမ်းမကြီး တည်ဆောက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးနေသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ငွေးက ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် သန်လျက်စွန်းရှိ ရေဆိုးများ သန့်စင်ရေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ စက်ရုံတည်ဆောက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ရာပြတ်ဌာနမှူး ဦးထွန်းသန်းထွန်းက နမူနာပုံစံငယ်များဖြင့် ရှင်းလင်းတင်ပြစဉ်။ (၁၉)

ဆုချီးမြှင့်

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဆန်းဆို လူရွေးပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသား (၅၂)ကီလိုတန်းတွင် ပထမရရှိသော သိန်းထိုက်ဦး (ကာကွယ်ရေး)အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဝူရှူးအဖွဲ့ချုပ် ဆန်းဆို လူရွေးပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဆန်းဆို လူရွေးပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ချီးမြှင့်ပေးအပ်သည်။

ဗိုလ်လုပွဲစဉ်များအဖြစ် အမျိုးသမီးပြိုင်ပွဲသုံးပွဲ၊ အမျိုးသားပြိုင်ပွဲ ငါးပွဲ ကျင်းပယှဉ်ပြိုင်ခဲ့ကြသည်။

ဗိုလ်လုပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမျိုးသား(၅၂)ကီလိုတန်း၌ ဆုရရှိကြသော ပထမ သိန်းထိုက်ဦး(ကာကွယ်ရေး)၊ ဒုတိယ မင်းမင်းထွန်း [လှိုင်ကော်တပ်နယ်] တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသား(၇၀) ကီလိုတန်း၌ ဆုရရှိကြသော ပထမ မျိုးထွန်းအောင်(ကာကွယ်ရေး)၊ ဒုတိယ ဝဿန်အောင် (မြို့တော်စည်ပင်)တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်က အမျိုးသား(၅၆) ကီလိုတန်းတွင် ဆုရရှိကြသော ပထမ ဟာဟုန်း(ကာကွယ်ရေး)၊ ဒုတိယ အောင်ထွန်းလင်း (လယ်/ဆည်)တို့ကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အမျိုးသား (၆၀)ကီလိုတန်း ဆုရရှိသော ပထမ အောင်ဆန်းယု(ကာကွယ်ရေး)ကို လည်းကောင်း၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကျော်ကျော်က အမျိုးသား (၆၅)ကီလိုတန်းဆု ရရှိသော ပထမ စောခိုင်(နတခ)၊ ဒုတိယ ဒိုရှမ်းမောင် (မဟာကြူနန်း - ဝိုင်အမ်စီအေ)တို့အားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အမှုဆောင် ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး (၄၈) ကီလိုတန်းဆု ရရှိကြသော ပထမ သဇ္ဈာစိုး(မြို့တော်စည်ပင်)၊ ဒုတိယ ဆွေဆွေဝင်း(ကာကွယ်ရေး)၊ (၅၂) ကီလိုတန်းဆုရရှိကြသော ပထမ ရာဇာခိုင်(ပြည်ထဲရေး)၊ ဒုတိယ လဲ့လဲ့လင်း (ကာကွယ်ရေး)တို့အား ဆုများချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူက အမျိုးသမီး(၅၆)ကီလိုတန်းဆု ရရှိကြသော ပထမ စိုးယုနိုင် (မြို့တော်စည်ပင်)၊ ဒုတိယ ဝါဝါမြင့် (ကာကွယ်ရေး)တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

ကမာရွတ်မြို့နယ် ဝါတွင်းတရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်အမှတ် (၈) ဝဂ္ဂီရပ်ကွက် နာနတ်တောလမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၁၃) ဣန္ဒာရာမကျောင်းတိုက်၌ ၁၃၆၅ခုနှစ် တော်သလင်းလဆန်း ၆ရက်မှ တော်သလင်းလပြည့်အထိလည်းကောင်း၊ တော်သလင်းလပြည့်ကျော် ၆ရက်မှ တော်သလင်းလကွယ်ထိ လည်းကောင်း မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ၁၀ရက် တရားစခန်းပွဲများ ဖွင့်လှစ်ပြီး ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ပညာဝံသနှင့် ဆရာတော်များက ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြည်မြန်မာသတင်းဂျာနယ် အမှတ်-၃၇၆ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၇

၁၉၉၆ခုနှစ် ဧပြီလမှ စတင်ထုတ်ဝေခဲ့သည့် ပြည်မြန်မာသတင်းဂျာနယ်ကို စက္ကူဖြူအချောစားဖြင့် သတင်းဦးစားပေး အသွင်သစ် ဆက်လက်ထုတ်ဝေလျက်ရှိရာ ရန်ကုန်မြို့၏ အကောင်းဆုံးနေရာတွင် ကွန်ဒိုမီနီယမ် စတင်တည်ဆောက်၊ မြန်မာပြည်က သံသုမာမိကျောင်းများ၊ လူကြိုက်များနေသော City Football အစီအစဉ်၊ ခေတ်မတိမ်ကောတဲ့ မြန်မာစဉ့်အိုး၊ စာရေးဆရာမ မစန္ဒာနှင့် တွေ့ဆုံခြင်း၊ ရန်ကုန်မြို့လယ်က ရောင်းတယ်၊ ဝယ်တယ်၊ ပြင်တယ်နှင့် နဂါးကြီးကို ခတ်အပ် စိုက်ကုသပေးခြင်း စသည့် ပြည်တွင်းပြည်ပ သတင်းစုံလင်စွာဖြင့် ပြည်မြန်မာသတင်းဂျာနယ် အမှတ်-၃၇၆ ကို သုတစွယ်စုံ စာအုပ်တိုက် အမှတ်(၉) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၅၁၂နှင့် ၂၀၂၀၈၉ က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(ယာပုံ)** (က-ပ)

ဥယျာဉ်မှူး သင်တန်းသားများ မြေခင်းအလှ မွမ်းမံခြင်းလုပ်ငန်း လေ့လာ

ရန်ကုန် ဩဂုတ် ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသည့် ဥယျာဉ်မှူး သင်တန်းအမှတ်စဉ်(၁/၂၀၀၃)မှ သင်တန်းသား ၂၆ဦးသည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီက လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်း၏ မြေခင်းအလှ မွမ်းမံခြင်းလုပ်ငန်းကို လက်တွေ့သွားရောက် ကွင်းဆင်းလေ့လာကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ဩဂုတ် ၂၆ရက်က မြို့နယ်အဆင့် ကျန်းမာရေးအဆင့်မြင့် ကျောင်းထူထောင်ရေး ဆင့်ပွားနည်းပြသင်တန်းနှင့် ကျောင်းကျန်းမာရေး ဘက်စုံပြဆု ချီးမြှင့်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁) ကျောင်းခန်းမတွင် ကျင်းပရာ အာဟာရကျွေးမွေးဆုရ အမက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူအား ရန်ကုန်တိုင်း မိခင်နှင့်ကလေး ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်သက်မြိုင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၃၂)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့သည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို လစဉ် ကျင်းပလျက်ရှိရာ ဝါခေါင်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကလပ်ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ(၁၉၉၄)အရ ထုတ်ပြန်ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များအား သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်များကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ရ၊ ကျူးလွန်ပါက အဆိုပါဥပဒေပုဒ်မ ၃၆ နှင့် ၃၇တို့အရ ထောင်ဒဏ်ခုနစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်ဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာန

စိုက်ပျိုးမြေအတွက် ရေနှင့် သောက်သုံးရေအတွက် တည်ဆောက်ခဲ့သော ဆည်၊ တမံများ

သဖန်းဆိပ်တမံ

လယ်မြေဧက ၂၈ သိန်းကျော်ကို အကျိုးပြုသော မကွေးတိုင်း ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ် ရေလှောင်တမံသည် ရေပြည့် ရေလှောင်ပမာဏ ဧက ပေ ၂၈၈၀၀၀ သိုလှောင်နိုင်ပြီး ရေပြင်ကျယ်မှာ ဧရိယာ ဧက ပေ ၁၀၆၂၀၀ ဖြစ်သည်။

၁၉၉၇ ခုနှစ် မတ်လ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ငွေကျပ်သန်းပေါင်း ၄၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့သော ၁၂၀ ခုမြောက် တမံဖြစ်သည်။ (အပေါ်ပုံ)

(ဓာတ်ပုံမှတ်တမ်း-ဆည်မြောင်း)





ဟူးမွန် ရေလှောင်တမံ

ရှမ်းပြည်နယ် လားရှိုးမြို့နယ်တွင် သောက်သုံးရေအတွက် တည်ဆောက်ပေးခဲ့သော ဟူးမွန် ရေလှောင်တမံကို ၁၉၉၈ ခုနှစ် ဇူလိုင် ၉ ရက်က တည်ဆောက် ဖွင့်လှစ်ပေးခဲ့ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်၌ ၈၉ ခုမြောက် ရေလှောင်တမံဖြစ်သည်။ (အပေါ်ပုံ)

(ဓာတ်ပုံမှတ်တမ်း-ဆည်မြောင်း)

တဘူးလှတမံ

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်တွင် လယ်မြေဧက ၅၂၀၀၀ ကို အကျိုးပြုရန်အတွက် တည်ဆောက်ခဲ့သော တဘူးလှ ရေလှောင်တမံကို ၁၉၉၅ ခုနှစ် မေလ ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။ ယင်းတမံသည် တပ်မတော်အစိုးရလက်ထက်၌ ၅၁ ခုမြောက် ဖွင့်လှစ်သော ရေလှောင်တမံဖြစ်သည်။ (ဝဲပုံ) *(ဓာတ်ပုံမှတ်တမ်း-ဆည်မြောင်း)*

နည်းစနစ်မှန်ကန်စွာ ကျင့်သုံးစိုက်ပျိုးလျှင် တစ်ဧက တင်းတစ်ရာ ထွက်ရှိနိုင်

ရန်ကုန် ဩဂုတ် ၂၇

နိုင်ငံ၏ လယ်ယာကဏ္ဍအတွက် အားတက်ဖွယ် ဆွေးနွေးပွဲတစ်ရပ်ကို ယခုနှစ် ဇွန်လ ၂၁ရက်က ကျင်းပခဲ့ကြသည်။ စိုက်ပျိုးရေးသုတေသန ပညာရှင်များက နိုင်ငံတော်မှ ချမှတ်ပေးလိုက်သော အဓိကသီးနှံ(၁၀)မျိုးကို သတ်မှတ်ပေးထားသည့် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိအောင် မည်သို့ဆောင်ရွက်အကောင်အထည်ဖော်ကြမည်ကို ရှေ့လုပ်ငန်းစဉ် ချမှတ်ဆွေးနွေးခဲ့ကြသည်။ ဤနေ့သည် စိုက်ပျိုးရေးတစ်ခေတ်ပြောင်းလဲမှု စတင်လှုပ်ရှားလိုက်သောနေ့ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ချမှတ်ပေးသည့် ရည်မှန်းချက်အတိုင်း တစ်ဧကလျှင် စပါးတင်း ၁၀၀၊ ချည်မျှင်ရှည်ဝါပိဿာ ၄၀၀၊ ကြံတန် ၃၀၊ မတ်ပဲတင်း ၂၀၊ ပဲတီစိမ်းတင်း ၂၀၊ ပဲစင်းငုံ ၂၅တင်း၊ မြေပဲတင်း ၅၀၊ နှမ်း တင်း ၂၀၊ နေကြာတင်း၅၀၊ အစေ့ထုတ်ပြောင်းတင်း ၈၀အသီးသီးထွက်ရှိအောင် စိုက်သည့်မျိုးကို ပြောင်းလဲမည်။ မြေယာအသုံးချမှု၊မြေဩဇာအသုံးပြုမှု၊ ရိတ်သိမ်းချိန်တွင် အလေအလွင့်နည်းပါးအောင် နည်းပညာပေးဆောင်ရွက်မှုတို့ဖြင့် လုပ်ကိုင်ကြမည်။ အချို့သီးနှံများသည် ရိတ်သိမ်းချိန်လွန် နည်းပညာရပ်ကို တည့်မတ်ပေးလိုက်သည်နှင့် ပန်းတိုင်အထွက်ရနိုင်သည်။ အချို့သီးနှံသည် မျိုးပြောင်းလဲလိုက်သည်နှင့် ပန်းတိုင်ရောက်နိုင်သည်။အချို့သီးနှံသည် မြေယာထွန်ယက်မှုနှင့် မြေဩဇာသုံးစွဲမှုကို တည့်မတ်လိုက်သည်နှင့် ပန်းတိုင်ရောက်နိုင်သည်။ ပန်းတိုင်ရောက်ရှိရေးအတွက် စိုက်ပျိုးရေးနည်းပညာများကို တိတိကျကျ တောင်သူလယ်သမားများ လိုက်နာဆောင်ရွက်ကြရန်လိုသည်။ နည်းပညာပေးမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်လိုသည်။

မြန်မာနိုင်ငံ၏လူဦးရေသည် ၅၂သန်းကျော်ရှိနေသည်။ လူတစ်ရာလျှင် ၆၅ဦးသည် လယ်ယာလုပ်ငန်းနှင့်ဆက်နွယ်နေသည်။ လယ်ယာကဏ္ဍသည် တစ်နိုင်ငံလုံး ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၄၈ ရာခိုင်နှုန်းကို ဖြည့်ဆွမ်းပေးနေသည်။ စပါးသည် တစ်မျိုးသားလုံး၏ အဓိကရိက္ခာဖြစ်သည်။ စပါးဖူလုံမှု

သာမက ပိုလျှံရမည်။ နိုင်ငံ၏လက်ရှိ စပါးအထွက်တင်းသန်း ၁၀၀၀ကျော် ရှိရာမှ သုံးနှစ်အတွင်း တင်းသန်း ၁၂၀၀ အထိ တိုးတက်ထွက်ရှိရမည်။ ဆွေးနွေးပွဲမှ စိုက်ပျိုးရေးပညာရှင်များ ချမှတ်ပေးသော လုပ်နည်းစနစ်များသည် တကယ့်သုတေသနတွေ့ရှိချက်များဖြစ်၍ တောင်သူလယ်သမားများက တိတိကျကျ လုပ်ကိုင်ကြရန်လိုသည်။ တကယ်တော့ ရည်မှန်းချက်ပန်းတိုင် အထွက်သည် သုံးနှစ်အတွင်း မလွဲမသွေရရှိပါမည်။

အလေးထား

ဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က စိုက်ပျိုးရေးပညာရှင်များ၏ အတတ်ပညာ၊ လုပ်ငန်းခွင် အတွေ့အကြုံနှင့် သုတေသနဆောင်ရွက်ချက်များမှ ပေါ်ထွန်းလာသည့် စိုက်ပျိုးမှုနည်းပညာ၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို စနစ်တကျအသုံးပြုကာ အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြရန် မှာကြားချက်ကို အလေးထားကြရမည်။

စပါးမှာ ဒေသမျိုး သက်တမ်းရင့်မျိုးများမှာ အထွက်ကောင်းမျိုး၊ သက်တမ်းတို ရက်စပါးကို မျိုးပြောင်းခဲ့၍ စပါးအထွက် တိုးတက်ခဲ့သည်။ ဒေသအလိုက်ရေရရှိရေးကို နည်းလမ်းငါးသွယ်ဖြင့် ဖော်ထုတ်၍ မိုးစပါးသာမက နွေစပါးစိုက်ပျိုး၍ သီးထပ်အထွက်တိုးခဲ့သည်။ ယခုအခါ အထွက်ကောင်းရန်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ ကိုရဲ(စိုက်ပျိုးရေး)

သာမက အရည်အသွေးကောင်းရန်လည်း စပါးမျိုးပြောင်းလဲစိုက်ပျိုးနေပြီး စိုက်ချိန်၊ ရိတ်ချိန်၊ အချိန်ကိုက် ဆောင်ရွက်ကြရန် သဘာဝမြေဩဇာ၊ ဒေသထွက်မြေဩဇာများ ပေါင်းစပ်သုံးစွဲရန်လိုသည်။ မျိုးရောများ မစိုက်ဘဲ မျိုးသန့်များ စိုက်ရန်လိုသည်။ တချို့သီးနှံများ ကြဲပက်မစိုက်ဘဲ အတန်းလိုက် အစေ့ချ စိုက်ရန်လိုသည်။ မတ်ပဲကို ဆောင်းရာသီစိုက်ပြီး ပဲတီစိမ်းကို မိုးရာသီစိုက်ရန် လိုသည်။ဓာတ်မြေဩဇာ စနစ်တကျသုံးခြင်းဖြင့် တစ်ဧကစပါး ၂၂ တင်းမှ ၂၃ တင်း၊ သဘာဝမြေဩဇာ စနစ်တကျသုံးလျှင်လည်း တစ်ဧက ၁၃ တင်း တိုးနိုင်ကြောင်း စိုက်ပျိုးရေးသုတေသနဌာနမှ ဒေါက်တာတင်စိုး အထွေထွေမန်နေဂျာက အသေးစိတ် ရှင်းပြခဲ့သည်။

စစ်ဆေး

စပါးပင်လိုအပ်ချိန်မှ ဓာတ်မြေဩဇာကျွေးရန် အရွက်အရောင်တိုင်းကတ်ဖြင့် စစ်ဆေးနေသော စိုက်ပျိုးရေးပညာရှင်များ။

သဘာဝမြေဩဇာ တိုးချဲ့သုံးစွဲ

သဘာဝမြေဩဇာများ၊ ဒေသထွက်မြေဩဇာများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့သုံးစွဲကြရန် လိုပါသည်။

နည်းစနစ်မှန်ကန်စွာကျင့်သုံး

စိုက်ပျိုးနည်းစနစ်မှန်ကန်စွာကျင့်သုံးလျှင် တစ်ဧကစပါးတင်းတစ်ရာ ထွက်ရှိနိုင်သည်။

မြေဆီလွှာအသုံးချမှု ဓာတ်မြေဩဇာကို လိုလျှင်ကျွေး၊ မလိုလျှင်မကျွေးနှင့်။ အပိုကုန်သည်။ ထို့ကြောင့် အပင်ကဆာမှကျွေးပါဟု တောင်သူလယ်သမားများအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးနေသော **အာတော့** RTOV (Reaching Towards Optimum Production) နည်းစနစ်ကိုလည်း အတွေ့အကြုံရင့် ကျွမ်းကျင်ပညာရှင် ဒေါက်တာညီညီက နည်းပညာပေးခဲ့သည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက တွေ့ရှိချက်များကို တောင်သူလယ်သမား များသိပြီး လက်တွေ့လုပ်ကိုင်နိုင်ရန် စိုက်ပျိုးမှုနည်းပညာပေးလုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။ ကျွန်တော်တို့ မြန်မာတောင်သူလယ်သမားများသည် လက်တွေ့ကျမှ ယုံကြသည်။ အပြောနှင့်မရ။ ထို့ကြောင့် စံပြကွက်များ နည်းပညာပေး သရုပ်ပြသပွဲများဖြင့် လက်တွေ့ပြရသည်။ ဓာတ်မြေဩဇာက အဓိကသုံးမျိုးတွင် ပုလဲဟုခေါ်သော ယူရီးယားသည် မြန်မာလယ်သမား အကြိုက်ဖြစ်၏။ ပက်ကြဲလိုက်လျှင်၊ ခဏချင်းစိမ်း၍ အပင်သန်လာ၏။ ကြိုက်လေများများသုံးလေ၊ သုံးလေအပင်ကြီးထွားပြီး အသီးအစေ့အဆန် နည်းလာ၏။ ပို၍ဆိုးသည်မှာ များများသုံးလေ မြေချဉ်လာလေဖြစ်၏။

ထို့ကြောင့် စာရေးသူသည် ၁၉၇၄ ခုနှစ်လောက်က ဟံသာဝတီသတင်းစာတွင် **ကြာလေချဉ်လေ**ဟု ယူရီးယားအသုံးမများရေးဆောင်းပါးကို ရေးသားခဲ့ဖူးသည်။ ယခုဤဆိုးကျိုးများ တွေ့လာကြရပြီ။ ထို့ကြောင့် ဓာတ်မြေဩဇာသည် သဘာဝမြေဩဇာနှင့်မတူ။ ဆာမှကျွေးရသည်ကို စိုက်ပျိုးသူများကျယ်ကျယ်ပြန့်ပြန့်သိစေရန် ဆွေးနွေးပွဲတက်ရင်း အမှတ်ရလိုက်သည်။

အမှန်စစ်စစ် သီးနှံအထွက်နှုန်း လက်ရှိထက်တိုးတက်အောင်သည်။ နိုင်ငံအကြီးအကဲ ချမှတ်ပေးသကဲ့သို့(၁) စိုက်စနစ်မှန်ကန်ရေး၊ (၂) သီးနှံအလိုက် အထွက် ကောင်းမျိုးသုံးစွဲရေး၊ (၃) ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာ ပေါင်းစပ် သုံးစွဲရေး၊ (၄) သီးနှံအလိုက် ရေတော်မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးစသည့် နည်းလမ်းလေးသွယ်ကို ပေါင်းစပ်ကျင့်သုံး လုပ်ကိုင်ကြရန်လိုပါသည်။

စိုက်ပျိုးရေးကဏ္ဍကို မိရိုးဖလာ နည်းလမ်းများမှ တစ်ဆင့်တက်ပြီး ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ ပြောင်းလဲကျင့်သုံးခြင်းဖြင့် မြှင့်တင်ရမည်။ စိုက်ပျိုးရေးလုပ်ငန်း မြှင့်တင်နိုင်မှ အမျိုးသားစီးပွားရေး ဘဝမြင့်မားမည်။ တောင်သူလယ်သမားများနှင့် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး အခြေခံများ တိုးတက်မြင့်မားမည်။ စိုက်ပျိုးရေးကို ပင်မစီးပွားရေး လုပ်ငန်းများအဖြစ် ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့ကြသော တောင်သူ လယ်သမားများသည် စိုက်ပျိုးရေး ပညာရှင်များ တိုးတက်ပြောင်းလဲကျင့်သုံးလာသော စိုက်ပျိုးမှုနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံလိုက်နာ ကျင့်သုံးခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင် အထွက်နှုန်းများသည် သတ်မှတ်ထားသော သုံးနှစ်တာ ကာလအတွင်း ပြောင်းလဲတိုးတက်လာ ရမည်ဟု ယုံကြည်လျက် ရှိပါကြောင်း။ ။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် စာချစာသင် သံဃာတော်များအား ဆွမ်းကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး ဒေါ်ခင်အေး တို့အားအမှူးထား၍ ဝန်ကြီးဌာန၏ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ စာချဆရာတော်နှင့် စာသင်သားသံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်ဇနီး၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်းနှင့် ဇနီး၊ ဝန်ကြီးဌာနနှစ်ခုအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ အရာရှိကြီးများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၏ ဒုတိယနာယကချုပ်ဆရာတော်အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ချီးမြှင့်သည်။

ဆက်လက်၍ နာယကချုပ် ဆရာတော်နှင့် သံဃာတော်များအား ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အထူးအရာရှိနှင့် ညွှန်ကြားရေးမှူးချုပ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)၏ နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာသင် သံဃာတော်များအား ဝန်ကြီးဌာနမှ လှူဒါန်းသော တစ်နေတာ ဆွမ်းအလှူတော်ငွေကျပ်တစ်သိန်းရှစ်သောင်းကို ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပေးအပ် လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က လက်ခံရယူပြီး မှတ်တမ်းတင် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နာယကချုပ် ဆရာတော်က သာဓုအနုမောဒနာတရားနှင့် ရေစက်ချတရားချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဩဂုတ် ၂၇ရက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြည်ပမှ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

အယ်လ်စီစီအိုင်ဖြေဆိုရေး သင်ကြားပေးမည်

ရန်ကုန် ဩဂုတ် ၂၇

L.C.C.I, Level I.II. Nov 03. Exam တွင် ဝင်ရောက် ဖြေဆိုမည့်သူများအတွက် ဖြေဆို/အောင်မြင်မှု အထောက်အကူရရှိစေရန် ဆရာဦးကျော်မြင့် C.P.Aမှ Tutorial Class ကို စက်တင်ဘာ ၁ရက်တွင် စတင်ဖွင့်လှစ် ကူညီသင်ကြားပေးမည်ဖြစ်၍ စိတ်ဝင်စားသူများ အမှတ်(၂၃) မြို့သစ်(၁)လမ်း ကျောက်မြောင်းရပ် ဖုန်း-၃၇၇၈၁၆နှင့် ၂၉၁၈၂၆ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၇

လက်တွေ့ သဒ္ဒါနည်းကျကျ ရေး၊ ဖတ်၊ ပြောကျွမ်းကျင်စေရန် ဆရာမကြီး ဒေါ်တင်လှိုင် (B.A Eng) ဦးစီး၍ စနစ်တကျသင်ကြားပေးမည့် Interview တစ်ပတ်၊ နိုင်ငံခြားသွားတစ်လ၊ အခြေခံအဆင့်မြင့်တစ်လ၊ Seamen Course, Tourism, Hotel, Company, Student Visa, Grammer, Phonetic အင်္ဂလိပ်စကားပြောသင်တန်းများကို တန်းခွဲသစ်များအဖြစ် ရုံးဝန်ထမ်းများအတွက် စနေ၊ တနင်္ဂနွေ အထူးတန်းခွဲကို ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် လှည်းတန်း မီးပွိုင့်အနီးရှိ ဒေါ်တင်လှိုင် စူပါအေဝမ်း အင်္ဂလိပ်စကားပြောသင်တန်း ဖုန်း-၅၁၁၂၃၁ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆိုင်သစ်ဖွင့်ပွဲအထူးလျှော့ဈေး
Opening Sale
Don't miss it!
3 plus
Export Fashion Centre
မှ
20% Off
လျှော့ ပေးမှာကို မလွှတ်စေနဲ့နော်...

အင်းစိန်မြို့နယ် အမက(၁၅) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၄ရက်ကကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မမြတ်မွန်လှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာပြုံးက ဆုချီးမြှင့်စဉ်။

(က-ပ)

အိမ်အလှဆင် မျက်နှာကြက်ပြားများ ရောင်းချ

ရန်ကုန် ဩဂုတ် ၂၇

မျက်နှာကြက် အလှဆင်ခြင်း၊ အခန်းနံရံကာခြင်း၊ အရောင်းပြခန်းနှင့် SHOW FLAT များဆောက်လုပ်ခြင်းအတွက် အထူးသင့်လျော်သော မီးဒဏ်ခံ၊ ရေစိုခံ၊ အသံလုံ၊ စန်းယိုမီးခံပြားများအား ရောင်းချပေးလျက်ရှိသည်။ ယင်းမီးခံပြားများသည် ဂျက်ဆင်ဘုတ်၊ ပလာစတာဘုတ်၊ မျက်နှာကြက် ကျောက်ပြား၊ အထပ်သားများအား အစားထိုးနိုင်သောပစ္စည်းဖြစ်ကြောင်း သိရသည်။

လိုက်လံဆောင်ရွက်

မျက်နှာကြက် အလှဆင်ခြင်း၊ အခန်းဖွဲ့ခြင်း ပလာစတာကော့နစ်ဖြင့် အလှဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ ပါကေးခင်းခြင်း၊ ဒီဇိုင်းဆွဲပေးခြင်း၊ ကြီးကြပ်ခဖြင့် ဆောက်လုပ်ပေးခြင်း စသည့် အိမ်အလှဆင်ခြင်း အမျိုးမျိုးပြုလုပ်ပေးသော လုပ်ငန်းခွဲလည်းဖွင့်လှစ်ပြီး လိုက်လံဆောင်ရွက်ပေးနေကြောင်း သိရသည်။

စိတ်ပါဝင်စားသူများသည် Three Friends Co.,Ltd. အမှတ် 44-A(1) မဟာဗန္ဓုလလမ်း ကျိုက်ဝိုင်းဘုရား (ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနအနောက်) မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန် ဖုန်း-၀၁-၂၀၁၁၂၁ နှင့် ၂၉၄၈၆၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ထိပ်တန်းဂမ္ဘီရစာရေးဆရာကြီး မင်းသိင်္ခ ၏စိတ်ကူးပုံရိပ်မြစ်သော
ဂမ္ဘီရစာပတ်ပရိသတ်ကြီးအတွက်...
ဂမ္ဘီရမြင်ကွင်း ဂျာနယ်

နှမ်းဆီစစ်စစ်စားလိုသူများ
ရန်ကုန်နှမ်းဦးရည်သီးသန့် ကိုဝယ်မှ စိတ်ချရတယ်နော်
226817, 226834, 251230, 728282, 681310, 660283, 09-5003646, 09-5003091

ရွှေစကားစာပေမှ ထုတ်ဝေသည့်
ထွက်ပြီ
မောင်စိန်ဝင်း (ပုတီးကုန်း)
ထွက်ပြီ
သက်ပိုင်စိုးစေချင်တော့သည်
စာမူခွင့်ပြုချက်-၇၉၉/၂၀၀၃(၆)

ဖျာပုံခရိုင် မိုးစပါး ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ဖျာပုံ ဩဂုတ် ၂၁

ဖျာပုံခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသည့် ဖျာပုံခရိုင် ရေတော်မိုးတော် မိုးစပါး ထွန်တုံးပိတ်ပွဲ၊ ခရိုင်အဆင့် ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ရက် နံနက် ၈ နာရီက ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်း ကျေးရွာအုပ်စု မြို့ဝင်/မြို့ထွက် ဧက ၄၀၀ စံပြ စိုက်ပျိုးပညာပေးစခန်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆုချီးမြှင့်

ပြိုင်ပွဲတွင် တံခွန်စိုက်ပထမဆုရ ဒေးဒရဲမြို့နယ်၊ ဒုတိယဆုရ ကျိုက်လတ်မြို့နယ်၊ တတိယဆုရ ဘိုကလေးမြို့နယ်နှင့် နှစ်သိမ့်ဆုရ ဖျာပုံမြို့နယ်တို့ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးမောင်ရွှေတို့က ဆုများချီးမြှင့်ကြသည်။ (က-ပ)

စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

ဘိုကလေး ဩဂုတ် ၂၀

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှု၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့နယ် သက်ဝံ ဧက ၄၀၀ မြို့ဝင်၊မြို့ထွက် စိုက်ပျိုးရေးစခန်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေရင် တက်ရောက် အမှာစကားပြောကြားသည်။

နေ့ချင်းပြီးဆောင်ရွက်

ထို့နောက် သက်ဝံကျေးရွာ၊ ဟိုင်းစီကျေးရွာ၊ သစ်တိုချောင်းကျေးရွာများရှိ လယ်ဧက ၁၅၀ တွင် တစ်ဧကလျှင် ငါးကောင်ရေ ၅၀၀ နှုန်းဖြင့် ငါးကောင်ရေ ၇၅၀၀၀ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေရင်၊ မြို့နယ် ဥက္ကဋ္ဌ ဦးစန်းငွေ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာကော်မတီဝင်များက စပါးခင်းများအတွင်း ငါးမျိုး စိုက်ထည့်ခြင်းကို နေ့ချင်းပြီး ဆောင်ရွက်ကြသည်။

(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)

သာမဏေကျော် စာတော်ပြန်ပွဲ ကျင်းပရေး စည်းဝေး

မော်လမြိုင်ကျွန်း ဩဂုတ် ၂၂

မော်လမြိုင်ကျွန်းမြို့ သာသနာလင်္ကာရသာမဏေကျော်စာတော်ပြန်ပွဲကျင်းပရေးအသင်း၏နှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁နာရီကပစ္စိမာရုံစာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ဘဒ္ဒန္တစိန္တိတာလင်္ကာရက(၁၄)ကြိမ်မြောက် သာမဏေကျော် စာမေးပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ဩဝါဒကထာ ချီးမြှင့်ပြီး အသင်းနာယက ဦးကြီးရှိန်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

(၁၄)ကြိမ်မြောက် သာမဏေကျော်စာတော်ပြန်ပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဝင်ခွင့်လျှောက်လွှာများကို အသင်းတည်ရာ ပစ္စိမာရုံစာသင်တိုက်တွင် ရယူ၍ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(၃၆၄)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေ၊ မိဘပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ပူးပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးခဲ့သည့် သာစည်မြို့နယ် အင်းဝင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်ကပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီ အဖွဲ့ဝင်(၂) ဦးညွန့်မောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်မေဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၄၂၅)

ဝန်ထမ်းသားသမီးများအား ပညာသင်ကြေးထောက်ပံ့

ကလေးဝ ဩဂုတ် ၁၅

ကလေးဝမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် ပြန်/ဆက်ရုံး၌ ပြုလုပ်ရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသား ၁၀ ဦးတို့အား ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်သည်။ **(မြို့နယ်ပြန်/ဆက်)**

မော်လမြိုင်မြို့နယ် ပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံးကကြီးမှူး၍ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို ဩဂုတ် ၁၂ ရက်က ပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံး အစည်းအဝေးခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးမြင့်ဝေက အလုပ်သမားသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။ (၃၀၇)

မြို့နယ် သတင်းများ

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ကတ္တရာလမ်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၁၄ရက်က မဏိရတနာလမ်းထောင့်၌ လမ်းတိုးချဲ့ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၃၇၄)

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးရာသီကာလအတွင်း မြို့တွင်းလမ်းများ လမ်းပေါက် မရှိစေရေး၊ ရေမဝပ်စေရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်က စစ်တွေမြို့ လမ်းမကြီးလမ်းတွင် လမ်းပေါက်များ ပြုပြင်ဖာထေးမှုကို အမှုဆောင်အရာရှိ ဦးမြစိုးနှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရေကြည်မြို့ တွင်းလမ်း ကတ္တရာခင်း ဆောင်ရွက်

ရေကြည် ဩဂုတ် ၂၀

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးမြင့်၊ လက်ထောက်အင်ဂျင်နီယာ ဦးသက်နိုင်သိန်းတို့နှင့်အတူ ရေကြည်မြို့ အောင်ဆန်း (၄)လမ်း ကတ္တရာခင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ဩဂုတ် ၁၅ ရက်က ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းမှာ ပြည်သူလူထုနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့တို့ ပူးပေါင်းကာ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ (မြို့နယ်စည်ပင်)

မြန်မာ့ပင်လယ်သောင်ကမ်းက အလှငွေဆောင်ရေပြာစခန်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံသည် ငြိမ်းချမ်းသာယာပြီး ညစ်ညမ်းမှုကင်းစင်သော သဘာဝပတ်ဝန်းကျင်နှင့် ကမ်းခြေသဘာဝအလှအပများစွာကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက် ရှိပေသည်။

ထိုသို့ သဘာဝအလှအပများဖြင့် ပြီးပြည့်စုံသော ကမ်းခြေများထဲတွင် ငွေဆောင်ကမ်းခြေသည် ထင်ရှားသော ပင်လယ်ကမ်းခြေ အပန်းဖြေဒေသတစ်ခု ဖြစ်ပေသည်။

ငွေဆောင်တွင် ကမ်းခြေ၏ကောင်းခြင်းများနှင့်အတူ အလှမျိုးစုံသော ကမ်းစပ်တွင် အုန်းပင်တန်းတွေက စီရီညီညာစွာ ပေါက်ရောက်လျက်ရှိသဖြင့် စိမ်းလန်းသာယာစိုပြည်သော ကမ်းခြေဟုလည်း ဆိုနိုင်ပေသည်။

နေဝင်ဆည်းဆာချိန်တွင် ကမ်းစပ်သဲသောင်ခုံတွင် ထိုင်၍ နေမင်းကြီး ပင်လယ်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားပုံကို ကြည့်ရှုရသည်မှာ ငွေဆောင်ရောက် အပန်းဖြေသူတို့အတွက် သာယာဖွယ်၊ ကြည်နူးဖွယ်၊ လွမ်းမောဖွယ်တို့ဖြင့် ရောပြွမ်းနေသည့် ဘယ်အရာနှင့်မှမတူသော တကယ့်ခံစားချက်တစ်ရပ်ပင်ဖြစ်သည်။

ငွေဆောင်ကမ်းခြေသည် ပုသိမ်မြို့မှ မိုင် ၃၀ အကွာတွင်တည်ရှိပြီး ကမ်းခြေ၏အရှည်မှာ ကိုးမိုင်ရှည်လျားသည်ဆို၏။ ထို့ကြောင့် ငွေဆောင်လောက် လှပစွာဖြစ်တည်နေသောကမ်းခြေသည် နတ်မြစ်ဝမှ စင်ကာပူနိုင်ငံသို့တိုင်ရှည်လျားသော ဘင်္ဂလားပင်လယ်အော်တွင် မရှိဟုဆိုသည်။

ငွေဆောင် ဆည်းဆာအလှ

ငွေဆောင်ကမ်းခြေ၏ ညနေဆည်းဆာအလှ။
(ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

ထို့ပြင် ရေကြည်မှု၊ ကျောက်လှမှု၊ ကမ်းခြေသဲခုံ ကျယ်ပြောသာယာမှုတို့မှာလည်း တုနှိုင်းမမီပင်ဖြစ်သည်။

ထိုငွေဆောင်ကမ်းခြေကို အပန်းဖြေစခန်းအဖြစ် ထူထောင်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုဖြင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီများကို တာဝန်ပေး၍ မြန်မာတို့အတွက် ဂုဏ်ယူဝင့်ကြွားစရာ ပင်လယ်ကမ်းခြေအလှကမ္ဘာလေးတစ်ခုဖန်တီးခဲ့ခြင်းဖြစ်သည်။

ယခုအခါ ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းတွင် ယုဇနအပန်းဖြေစခန်းဟိုတယ်၊ ယမုံနာဦးဟိုတယ်၊ ချောင်းသာဦး ဟိုတယ်၊ မြန်မာ့ရှုခင်းကမ်းခြေဟိုတယ်၊ ရွှေခရအပန်းဖြေဟိုတယ်၊ အိုလံပစ်ကမ်းခြေ အပန်းဖြေဟိုတယ်၊ Sunny Paradise Resort ဟိုတယ်၊ The Coralbeach Resort မိုတယ်၊ ငွေရောင်ရှုခင်းအပန်းဖြေဟိုတယ် စသည်ဖြင့် ကုမ္ပဏီ ၁၉ ခုတို့က ဟိုတယ်နှင့် အပန်းဖြေစခန်းများ ဖွင့်လှစ်ထားရှိသည်။

ဖွင့်လှစ်ထားသော ဟိုတယ်တိုင်းတွင် ရေမြေသဘာဝနှင့် လိုက်ဖက်သည့် ခန်းမကြီးများ၊ အိပ်ခန်းဆောင်များ၊ စားသောက်ခန်းမနှင့် ရှုခင်းသာများ၊ ရေပူရေအေးများ၊ တယ်လီဖုန်း၊ တင်းနစ်ကွင်း စသည်တို့ကို တွဲဖက်၍ ပင်လယ်ရှုခင်း ဥယျာဉ်မြင်ကွင်းတို့ကို စုံလင်စွာ ခံစားနိုင်ကြသည်။

ပင်လယ် ရေကြောက်သူများအတွက်လည်း ကုန်းပေါ်ရေကူးကန်များလည်း တည်ဆောက်ထားရှိကြသည်ကိုတွေ့ရသည်။

ညဘက်တွင်ရိုးရာအကအလှတို့နှင့်အတူ အပန်းဖြေနိုင်သလို ကာရာအိုကေခန်းမများ၌လည်း ခေတ်ဟောင်းနှင့်ခေတ်ပေါ်တေးသီချင်းများကိုလည်း ပျော်ရွှင်စွာ သီဆိုနိုင်ကြသည်။ ထို့အပြင် ပင်လယ်စာသက်သက်ကိုသာ စားသုံးလိုသူများအတွက်လည်း အဆင့်မြင့်စားဖိုမှူးများက ဖန်တီးချက်ပြုတ်ပေးကြသည်။

ထို့အပြင် ငွေဆောင်ကမ်းခြေ သဲခုံပေါ်တွင် ကျောက်မောင်နှမ စေတီနှစ်ဆူရှိသည်။ ထိုကျောက်မောင်နှမစေတီသည် ကြည်ညိုဖွယ်ကောင်းသကဲ့သို့ လွမ်းမောဖွယ်ရာ အတိတ်ပုံပြင်များလည်း ရှိသည်ဆို၏။ ကမ်းစပ်ပင်လယ်တစ်နေရာတွင် ချစ်သူများကျွန်းရှိသည်။ ရေကျချိန်တွင် ကျွန်းပေါ်တက် အပန်းဖြေနိုင်သလို ပင်လယ်ရှုခင်း အပေါ်စီးမြင်ကွင်းကိုလည်း ကြည့်ရှုခံစားနိုင်ကြပေသည်။

ငွေဆောင်ရွာသစ် နောက်ကျော ပင်လယ်တွင်း၌ ငှက်ကျွန်း၊ ဆင်မကျွန်းများရှိသည်။ ထိုကျွန်းများ၏ ဝန်းကျင်တွင် ပင်လယ်ရေအောက် သန္တာကျွန်းများနှင့် ကျောက်ဆောင် ကျောက်ခက်တို့ရှိသည်။ ထိုကျွန်းသို့ သွားရောက် လေ့လာလိုသူများကိုလည်း ကမ်းခြေဟိုတယ်များက စပိဘုတ်များ၊ ရေပေါ်ရုပ်ပုံယာဉ်များဖြင့် ပို့ဆောင်ပေးသည်။

ယခုအခါ ပုသိမ်မြို့ ငဝန်မြစ် အရှေ့ကမ်း မရမ်းချောင်းကျေးရွာနှင့် မြစ်၏အနောက်ဘက် ကမ်းနီကျေးရွာကို ဆက်သွယ်တည်ဆောက်မည့် ငဝန်မြစ်ကူးတံတား(ပုသိမ်)ကို တည်ဆောက်နေပြီဖြစ်၍ ငွေဆောင်ကမ်းခြေ အပန်းဖြေလုပ်ငန်းများသည် သွားလာရေး အဆင်ပြေချောမွေ့လာသည်နှင့်အမျှ ငွေဆောင်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းလာတော့မည်ဟု ဆိုချင်ပါသည်။ ။

(ကြေးမုံ)

အမည်ပြောင်းခြင်း

တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့၊ မြို့မရပ်ကွက်နေ (ဘ) ဦးတင်ထွေး၊ (မိ) ဒေါ်ကြွယ်ကြွယ်တို့၏သားသမီးများဖြစ်ကြသော သရက်ချောင်းမြို့ အထက နဝမတန်း(D)မှ မဖြိုးအိစန္ဒာအား မမျိုးမြင့်မြတ်မြတ်ဟုလည်းကောင်း၊ ပဥ္စမတန်း(D)မှ မောင်ခိုင်ဇော်ဦးအား မောင်ကောင်းခန့်ကျော်ဟုလည်းကောင်း၊ ဒုတိယတန်းမှ မောင်ပြည့်စုံထွေးအား မောင်မြတ်မင်းဟိန်းဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ပါရန်။

I. 705070, 09 - 80 - 22532

ဝန်ထမ်းတစ်ဦး အမြန်အလိုရှိသည်

အင်္ဂလိပ်စကားပြောနိုင်၍ ကွန်ပျူတာကျွမ်းကျင်သော တိရစ္ဆာန်ဆေးကုဘွဲ့ရ အမျိုးသမီး ဆရာဝန်တစ်ဦး အမြန်အလိုရှိသည်။

အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

အမှတ်(617-B)၊ မာလာလမ်းသွယ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်။
Ph: 526317, 536748.

MCC ICT Foundation Course

ELITE Engineering Group

Programmable Logic Controls (P.L.C)

Myanmar Konex Co., Ltd.
No.7, 12 Street, Lanmadaw Tsp.
Tel: 01-212982

TOP 243363 705877

ZENITH CDMA, Back up

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇–သမိုင်း၊ မြေကွက်အမှတ် ၄/၈^{၁၁} / အိုဇရိယာ ဝဒသမ ဝ၄၂၈ဧကရှိ(အစိုးရမြေ)၊ အမှတ် ၅/၄၀၊ အောင်ဇေယျလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော မြေကွက်ကို ဒေါ်အေးမြတ်ဝင်း(K/RGN–၀၂၇၂၀၉)အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍(တစ်ပတ်အတွင်း) ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

ကန့်ကွက်ရန်ကြော်ငြာခြင်း

ဒဂုံမြို့သစ်မြောက်ပိုင်း မြေတိုင်းရပ်ကွက် အမှတ်(၅၁)တိုးချဲ့မြေကွက် အမှတ် ၃၈၄ အမည်ပေါက် ဦးဝင်းအောင်၏ ပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပါမစ်မိတ္တူ လျှောက်ထားလိုပါ၍ ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြေနှင့်အခွန်ဌာနခွဲသို့ ကန့်ကွက်နိုင်ပါသည်။

ဦးဝင်းအောင် (CA–၀၄၃၁၆၂)။

အမည်ပြောင်းခြင်း

ပျဉ်းမနားမြို့နယ်၊ရေဆင်းအထက(၄) ဒသမတန်း(A)မှ မောင်မိုးဇော်ချို၏ ဖခင်အမည်မှန်မှာ ဦးမောင်ချို(NBN–၂၁၈၉၉၈)ဖြစ်ပါကြောင်း။

ဦးမောင်ချို။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် [၁၂/ပဘတ(နိုင်)၀၂၃၄၅၁]သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါလိပ်စာအတိုင်း ပို့ပေးပါ။ **ဦးစိန်လှ**
အမှတ် ၂၂၄၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း–၂၅၁၁၂၂။

အမည်ပြောင်းခြင်း

အင်းစိန်မြို့၊ ရွာမအရှေ့ရပ်ကွက်၊ အမှတ် ၉၈၄(ခ)၊ အောင်မင်္ဂလာလမ်းနေ ဦးလှအောင်၏သားဖြစ်သူ အထက(၁) အင်းစိန် ဒသမတန်းမှ မောင်ကျော်စိုးအောင်အား မောင်ငြိမ်းချမ်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မသီရိအောင်[၁၂/လမန(နိုင်)၁၀၉၇၆၀]သည် ရပိုင်ခွင့်အမွေများပေးပြီးသော်လည်း မိခင်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြု၍ မိခင်မရှိခိုက် အိမ်မှအဖိုးတန်ပစ္စည်းများယူဆောင်သွားပါ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါကြောင်း။

မိခင်
ဒေါ်ခင်ခင်သိန်း(ခ)နီနီ
[၁၂/လမန(နိုင်)၀၅၀၅၈၄]
အမှတ်(၃၄–က)လမ်း၆၀၊ လှိုင်မြို့နယ်။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မဆွေဆွေလင်း[၁၂/မရက(နိုင်)၀၀၄၀၁၈]သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် ၁၇–၈–၂၀၀၃နေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို(လုံးဝ)တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးအေးဝင်း[၁၂/မရက(နိုင်)၀၈၈၂၀၉]
ဒေါ်မြင့်မြင့်[၁၂/မရက(နိုင်)၀၈၈၂၄၆]

ဇွဲစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ (၅)ရပ်ကွက်၊ ပင်းယ(၁၃)လမ်း၊ အမှတ်(၄၁၅)နေ ဦးတင်အောင် – ဒေါ်လှလှမွေးတို့၏သား

မောင်အောင်လင်း B.A (Myanmar)

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သီလ(၁၂)လမ်း၊ အမှတ်(၉၄၁)နေ ဦးတင်ဝင်း – ဒေါ်ယဉ်ရွှေတို့၏သမီး

မတင်တင်စု (Second Year)°Eco:

တို့သည် ၁၇–၈–၂၀၀၃နေ့တွင် ဇွဲစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်လင်း – မတင်တင်စု။

OD Tour အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်

၁။ ပုဂံ၊ ကျောင်းတော်ရာ(မနူဟာဘုရားပွဲ၊ အာဘာအောင်မင်းခေါင်ထွက်ပွဲ) **Sep 7,9,11**

၂။ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ **Sep 26**

ရဲသူအောင် တောင်ကြီး၊ ပုဂံ၊ ညောင်ဦး

တိုး မန္တလေး ကားလက်မှတ်များရပြီ။

No.52 ကျွန်းတောလမ်း၊ စမ်းချောင်း 504808, 537672

Japan Style

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် ၃၅/၂၀၀၃ (၂၀၀၃ခုနှစ် ဩဂုတ်လ ၁၉ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ(မိုး/ဇလ)	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (မိုးလေဝသ)(သို့မဟုတ်) သိပ္ပံ(ဂုဏ်ထူး)ဘွဲ့(ဇလဗေဒ) (သို့မဟုတ်)မဟာသိပ္ပံဘွဲ့ (ရူပဗေဒ)(သို့မဟုတ်) မဟာသိပ္ပံဘွဲ့(သင်္ချာ)ရရှိသူ (သို့မဟုတ်)မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီး ဌာနတွင်တာဝန်ထမ်းဆောင် နေသူဖြစ်ပါက သိပ္ပံဘွဲ့ရရှိပြီး မိုးလေဝသ/ဇလဗေဒအဆင့် (၃)သင်တန်း(သို့မဟုတ်) အလားတူအဆင့်သင်တန်း အောင်မြင်၍ဌာနတွင်း လုပ်သက်(၅)နှစ်ရှိပြီးသူ	၃နေရာ

၂။ လျှောက်ထားသူသည် –
(က)ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ)၁၆–၉–၂၀၀၃နေ့တွင် အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါကအသက်၄၀နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ)မိုးလေဝသ/ဇလဗေဒအဆင့်(၃)သင်တန်း(သို့မဟုတ်)အလားတူအဆင့် သင်တန်းအောင်မြင်၍ ဌာနတွင်း လုပ်သက်(၅)နှစ်ရှိကြောင်း ဖော်ပြရန် လိုအပ်ပါကသက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၆–၉–၂၀၀၃နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် – ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၆–၉–၂၀၀၃နေ့အရောက် ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။**

၇။ ၁၁–၁၀–၂၀၀၃နေ့နှင့် ၁၂–၁၀–၂၀၀၃နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၉–၁၀–၂၀၀၃နေ့မှစ၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် – ၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်အလုပ်ရုံအမှတ်(၃) အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်း အပတ်စဉ်(၁၃၅)ကို ၁၅–၉–၂၀၀၃နေ့တွင် ဖွင့်လှစ်ပါမည်။
- ၂၇–၈–၂၀၀၃နေ့တွင် သင်တန်းကြေးများ စတင်လက်ခံပါမည်။
- ၁၉၉၃ခုနှစ်မှစ၍ ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် သင်ကြားပို့ချပေးပါသည်။
- သင်မောင်းလိုင်စင် "ခ" လိုင်စင်ရရှိရေး ဆောင်ရွက်ပေးပါသည်။
- နယ်မှ သင်တန်းသားများ ဘော်ဒါရှိသည်။
- **အမှတ် ၂၄၀(၅)၊ စက်ဆန်း၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
- **ရုံးချိန်အတွင်း ဖုန်း – ၀၁ – ၂၉၀၃၁၂သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။**



ဒဂုံအရှေ့စက်မှုမြို့တွင် စက်ရုံများ အမြန်ဆုံးအကောင်အထည်ဖော်တည်ဆောက်ရန် အကြောင်းကြားခြင်း

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် နိုင်ငံတော်အတွင်း စက်မှုလုပ်ငန်းများ ထွန်းကားစေရေးအတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် စက်မှုမြို့သစ်ဖော်ထုတ်ပြီး စက်မှုမြေကွက်များကို စက်မှုလုပ်ငန်းများ လုပ်ဆောင်လိုသူများအား တန်ဖိုးသက်သာစွာဖြင့် ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ အထက်ပါစက်မှုမြို့မှ မြေကွက်ဝယ်ယူသူများအနက်မှ အချို့ပုဂ္ဂိုလ်များသည် မြေကွက်ဝယ်ယူပြီး စက်ရုံများတည်ဆောက်ခြင်းမရှိသဖြင့် စက်မှုမြို့တိုးတက်စည်ပင်ခြင်း မဖြစ်ဘဲ မြေကွက်လပ်များအဖြစ် အများအပြားကျန်ရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ပါ၍ ဖော်ထုတ်ထားသော စက်မှုမြို့၏ မြေကွက်များကို ဝယ်ယူခွင့်ရရှိထားသူများအနက်မှ စက်ရုံတည်ဆောက်ခြင်းမပြုသေးသော ပုဂ္ဂိုလ်များအနေနှင့် မိမိတို့၏ မြေကွက်များတွင် ၃၁–၁၀–၂၀၀၃ရက်နေ့ နောက်ဆုံးထားပြီး စက်ရုံများစတင်တည်ဆောက်ကြရန်နှင့် ၃၁–၁၂–၂၀၀၃ရက်နေ့တွင် (Up to Plinth) အနေအထားထိ မပြီးစီးသောမြေကွက်များအား ပြန်လည်သိမ်းယူပြီး စက်ရုံအမြန်ဆုံးဆောက်လုပ်၍ စက်မှုလုပ်ငန်းလုပ်ဆောင်မည့်သူများအား ရောင်းချသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ ၁–၉–၂၀၀၃နေ့တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ်(၂)

၁။ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း
၂။ အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း

အခြေစိုက်အလုပ်ရုံအမှတ်(၁)

၁။ တွင်ခုံ/ဖောက်ခုံသင်တန်း
၂။ ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း
